ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )**

**[တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၉၃.၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၂-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း ၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၀၉။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မြန်မာနိုင်ငံ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်လာတဲ့ ဥပဒေကြမ်း အပေါ်မှာ ဆွေးနွေးသွားမယ့် ပဲခူးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နှစ်ပိုင်းခွဲပြီးတော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမပိုင်းကတော့ မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးခြင်းနှင့် ဒုတိယပိုင်းကတော့ ပြင်ဆင်လိုတဲ့ အချက်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာမူဝါဒကို ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ ဆိုလို့ရှိရင် ဒီ

ကလေးသူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်တဲ့အခါမှာ ကိုယ်ဝန်မဆောင်မီကာလက နေပြီးတော့မှ အသက်(၈)နှစ်ကာလအထိ ကလေးတွေ ဘက်စုံဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးတဲ့ ပညာရေး၊ ကျန်းမာရေး၊ အာဟာရမြှင့်တင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများအားလုံး အကျုံးဝင်တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီ ECCD လို့ခေါ်တဲ့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဟာ ကျွန်မတို့နိုင်ငံရဲ့ အမျိုးသားရေး အထူးဦးစားပေး ရည်မှန်းချက်တစ်ရပ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုသာ နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ အခြားလုပ်ငန်းတွေမှာ အကျိုးအမြတ်ရအောင်သာ လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက်လည်း အကျိုးရှိစေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဖြစ်တယ်ဆိုပြီးတော့ စီးပွားရေးပညာရှင်တွေက ထောက်ခံတင်ပြပါတယ်။ ဒါပေမယ်လို့လည်း ကျွန်မတို့နိုင်ငံမှာ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့မှ အသိအမြင် အရမ်းလည်း အားနည်းသလို ကျွန်မတို့လုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေလည်း အရမ်းအားနည်းပါတယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ အကျဉ်းချုပ်ပေ့ါ။ ကျွန်မတို့ ဒီ မူဝါဒဆိုင်ရာအချက်ထဲမှာဆိုရင် (၉)ချက်ရှိပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမီးဖွားပြီးအချိန်တွေမှာရရှိမယ့် ဝန်ဆောင်မှုလုပ်ငန်းတွေ၊ နောက်တစ်ခါမှာ မွေးစကနေပြီးတော့မှ (၃)နှစ်အရွယ်ထိ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ (၅)နှစ်အထိ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စစ်ဆေးပံ့ပိုးမှုမှာ ဝန်ဆောင်မှုတွေ၊ နောက် မူကြိုပညာရေး၊ နောက် အထူးလိုအပ်ချက်ရှိတဲ့ ကလေးငယ်တွေရဲ့ အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးဖို့နဲ့ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ မိသားစုနဲ့ အတူနေထိုင်အောင် စီမံဖန်တီးပေးခြင်း၊ စီစဉ်ဖန်တီးပေးခြင်း၊ ပဋိပက္ခတွေ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ တွေ့ကြုံနေတဲ့ကလေးတွေ၊ ကယ်ဆယ်ရေးစခန်းတွေ၊ ရွှေ့ပြောင်းနေထိုင်ရာဒေသမှာရှိတဲ့ ကလေးတွေ၊ မတရားအနိုင်ကျင့်ခံရတဲ့ လျစ်လျူရှုခြင်းခံရတဲ့၊ ရောဂါဝေဒနာခံစားရတဲ့ ကလေးတွေအတွက် အကာအကွယ်ပေးနိုင်တဲ့ ဝန်ဆောင်မှုတွေ၊ နောက်အခါမှာ အတတ်ပညာရှင်တွေ၊ ကျွမ်းကျင်သူများနဲ့ စေတနာရှင်လုပ်အားပေးများ၊ စေတနာ့ဝန်ထမ်းတွေရဲ့ အရည်အသွေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးဖို့ လုပ်ငန်းခွင်အကြိုနဲ့ လုပ်ငန်းခွင် သင်တန်းစနစ်တည်ထောင်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနဲ့ တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ် ထူထောင်ခြင်း၊ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထောက်ခံမယ့် ပြန်ကြားဆက်သွယ်ပေးခြင်း၊ ကဏ္ဍပေါင်းစုံပါဝင်တဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်းထူထောင်ခြင်း ဆိုပြီးတော့မှ မူဝါဒဆိုင်ရာ မဟာဗျူဟာတွေ ချမှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ အခုဆွေးနွေးမယ့် ဥပဒေကြမ်းတင်သွင်းလာတာဟာဆိုလို့ရှိရင် ကျွန်မတို့ ဒီ ကဏ္ဍတွေ မဟာဗျူဟာအားလုံးကို ခြုံငုံပြီးတော့မှ ဒီ ရှေးဦးကလေးသူငယ်ပြုစုရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေလို့ သတ်မှတ်မယ်ဆိုလို့ရှိရင် ကျွန်မတို့ ဒါ မလုံလောက်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ မူဝါဒ၊ မူပိုင်းဆိုင်ရာ ဆွေးနွေးချက်အရ ဒီ ဥပဒေကို အမည်ပြောင်းလိုပါတယ်။ နောက်ပြီးတော့ ဒီလိုမျိုးခြုံငုံပြီးတော့ အားလုံးနဲ့သက်ဆိုင်တဲ့

ဥပဒေပြဋ္ဌာန်းနိုင်ဖို့ဆိုလို့ရှိရင် ဥပဒေအသစ်တစ်ခု ရေးဆွဲဖို့လိုတယ်ဆိုတာကို ကျွန်မအနေနဲ့ ဒီနေရာမှာ အလေးအနက် တင်ပြလိုပါတယ်။

ကျွန်မအနေနဲ့ ပြင်ဆင်လိုတဲ့အချက်တွေကို တင်ပြပါမယ်။ Power Point နဲ့တင်ပြခွင့် ပြုပါရှင်။ ကျွန်မက ဒီဥပဒေကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာ ဒီဥပဒေကို ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေလို့ ခေါ်တွင်စေရမယ်ဆိုတာကို ဤဥပဒေကို ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မှတ်ပုံတင်ဥပဒေလို့ ခေါ်တွင် စေရမှာဖြစ်ပါတယ်။ ဘာကြောင့်အကျိုးအကြောင်း ဖော်ပြရမလဲဆို၊ ခုနတုန်းက ကျွန်မ တင်ပြခဲ့တဲ့ မူဝါဒများ၊ မူဝါဒဆိုင်ရာ မဟာဗျူဟာတွေနဲ့ ကိုက်ညီဖို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မ ဒီနေရာမှာ အသက်(၃)နှစ်ပြည့်ပြီး မူလပြဋ္ဌာန်းချက်ကို ပြင်ဆင်လိုပါတယ်။ အပိုဒ် ၂(ဂ)နဲ့ (င)မှာ ဆိုလို့ရှိရင် အသက်(၃)နှစ်ပြည့်ပြီး အသက်(၅)နှစ် မပြည့်သေးသော ရှေးဦးကလေး သူငယ်များလို့ ဖော်ပြထားတာကို ကျွန်မအနေနဲ့ ပြင်ဆင်ဖြည့်စွက်ပြီးတော့မှ အသက်(၃)နှစ်ပြည့်ပြီး အသက်(၅)နှစ် မပြည့်သေးသော ရှေးဦးကလေးသူငယ်များမှာ မသန်စွမ်းကလေးများအပြင် အထူးလိုအပ်ချက်ရှိနေသော ကလေးများ၊ ခုနတုန်းကလည်း ကျွန်မတင်ပြထားပါတယ်။

အဲဒါကြောင့်မို့လို့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ဖွံ့ဖြိုးရေးဆိုင်ရာ ဒီ ECCD မူဝါဒနဲ့ ကိုက်ညီမှုရှိစေရန်၊ ပြီးတော့လည်း လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ကိုက်ညီရန် ဖြစ်ပါတယ်။ ဥပမာ ဆိုလို့ရှိရင် ကျွန်မတို့က စစ်ဘေးရှောင်စခန်းက ကလေးတွေ၊ နောက်တစ်ခါမှာ ဉာဏ်ရည်နိမ့်တဲ့ ကလေး တွေ၊ ထိခိုက်ခံစားလွယ်တဲ့ ကလေးတွေ အများကြီးရှိပါတယ်။ နောက်တစ်ခုကကျတော့ မူလပြဋ္ဌာန်းချက် အပိုဒ်၂(ဆ)မှာ ပြောထားတဲ့ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်း တစ်ခုခုဆိုတဲ့ အခါမှာ ကျွန်မအနေနဲ့ ဘာသာရေးအခြေပြု အဖွဲ့အစည်း အပါအဝင်လို့ ထပ်လောင်းပြီးတော့ ဖြည့်စွက် လိုပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ ဒီမူဝါဒမှာရော၊ နောက်တစ်ခါ လက်ရှိအခြေအနေနဲ့ ကိုက်ညီရန် ဖြစ်ပါတယ်။ ECCD မူဝါဒမှာဆိုလို့ရှိရင် ဒီ ဘာသာရေးအခြေပြု အဖွဲ့အစည်းတွေဟာ ကျွန်မတို့နိုင်ငံရဲ့ ECCD ဝန်ဆောင်မှုလုပ်ငန်းတွေ ထက်ဝက်နီးပါးကို ဆောင်ရွက်နေတာဖြစ်တဲ့ကြောင့်မို့လို့ ဒီဟာကို ကျွန်မအနေနဲ့ အလေးအနက်ထား ဖော်ပြရခြင်းဖြစ်ပါတယ်။ အဲဒီလိုပဲ ဒါကြောင့် ကျွန်မပြင်ချင်တဲ့ အဖွဲ့တွေ ကတော့ မူလပြဋ္ဌာန်းချက် ၃(ဂ)၊ ၅(ဂ)၊(စ)၊ ၇(ခ)၊ ၈(က)၊ (ခ) ၊(ဂ) အဲဒီမှာဆိုရင် ကျွန်မ ဒီဟာတွေ အားလုံးကို ဘာသာရေးအခြေပြုတဲ့အဖွဲ့အစည်းလို့ ပြန်ပြင်ချင်ပါတယ်။ နောက်တစ်ခါမှာ ပြည်သူ့လွှတ်တော် ရဲ့ အတည်ပြုချက် ၁၀(က)၊ (ခ) အဲဒီမှာလည်း ကျွန်မပြင်ချင်ပါတယ်။ နောက်တစ်ခါ ပြည်သူ့လွှတ်တော် အတည်ပြုချက် ၁၃(က)၊ (ခ) နောက်တစ်ခါမှာတော့ မူလပြဋ္ဌာန်းချက် ၁၅(က)၊ (ခ)၊ နောက် ၂၀(က) (၁)၊ (၂)၊ ၂၆ (က)၊ (ခ) အပိုဒ် ၂၉ ၊ ၃၀ ၊ ၃၁(က)၊ ၃၂(က)၊ ၃၇ နောက်တစ်ခု ကကျတော့ ပြည်သူ့လွှတ်တော် အတည်ပြုပြဋ္ဌာန်းချက် ၁၉ အပိုဒ်၁ (က)၊ (ခ)၊ (ဂ)၊ အပိုဒ်၂၂(က)၊ ၂၄(က)၊ (ခ) ဒါတွေအားလုံးကို ကျွန်မအနေနဲ့ ဖြည့်စွက်ပြီးတော့မှ ပြင်ဆင်လိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးမှာကတော့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြည်သူ့လွှတ်တော်က အတည်ပြုချက် ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လာခြင်းအပေါ်မှာ ပြင်ဆင်ချက် (၁၇)ချက်နဲ့ အသစ်ဖြည့်စွက်ချက်(၅)ချက်ကို ကျွန်တော် (၆)မိနစ်အတွင်းမှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ဆွေးနွေးချက်တွေကို အကြောင်းအကျိုးဖော်ပြချက်အနေနဲ့ ကျွန်တော် Power Point နဲ့ သုံးစွဲခွင့်ပြုပါ။ ကျွန်တော့်ရဲ့ အကြံပြုချက် အကြောင်းအကျိုး ဖော်ပြချက်တွေကို ကန့်လန့်ဖြတ်ဇယားနဲ့ ဖော်ပြထားပြီးဖြစ်တဲ့အတွက် ကျွန်တော် ပြင်ဆင်ချက်တွေကိုပဲ ရှင်းသွားပါ့မယ်။ ပုဒ်မ ၉(က) ဖြစ်ပါတယ်။ ပုဒ်မ ၉(က) အသစ်ဖြည့်စွက်ထားတာကတော့ ကျွန်တော်အနီနဲ့ပြထားတဲ့ဟာက အသစ်ဖြည့်စွက်ထားတဲ့ စကားရပ်ဖြစ်ပါတယ်။ ဒါက ဒီပုဒ်မမှာ ကျွန်တော်တို့ စိစစ်တဲ့နေရာမှာ မည်သူက တာဝန်ရှိတယ်။ မည်သူက စိစစ်ရမယ်ကို ကျွန်တော် တိကျစွာ ဖော်ပြထားခြင်း မရှိတဲ့အတွက် အသစ်ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မ ၉ (ခ) ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော် အသစ်ဖြည့်စွက်ထားတဲ့ ဖြည့်စွက်ချက် ဖြစ်ပါတယ်။ ပုဒ်မ ၁၃(က)၊ (ခ)၊ (ဂ) အရ ကျွန်တော် ပုဒ်မ ၁၃ ကို ခြေဆင်းထုတ်ရတဲ့အတွက် ဒီခြေဆင်းထုတ်တဲ့ ပုဒ်မကို ကျွန်တော် အသစ်ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ ဥပဒေရေးထုံး ပြေပြစ်မှုရှိစေဖို့အတွက် ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ ဒါ ပုဒ်မ ၁၃(က) ဖြစ်ပါတယ်။ ပုဒ်မ ၁၃ (က) က ကျွန်တော် ဒီမှာပယ်ဖျက်ထားတာက အနည်းဆုံးဆိုတဲ့၊ အနည်းဆုံးရက်ပေါင်း (၆၀)ဆိုတဲ့နေရာမှာ ကျွန်တော် အနည်းဆုံးဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ထားခြင်း ဖြစ်ပါတယ်။ ဒီမှာ ပုဒ်မ ၁၃ (ခ) ဖြစ်ပါတယ်။ ပုဒ်မ ၁၃ (ခ) မှာလည်း ကျွန်တော် ဒီလိုပါပဲ။ ဒါ ဥပဒေရေးထုံး ပြေပြစ်မှုရှိစေဖို့အတွက် ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၉ ကို ခြေဆင်းထုတ်ထားခြင်းဖြစ်ပါတယ်။ ဒါ ပုဒ်မ ၁၉(က) က ပြည်သူ့လွှတ်တော်အတည်ပြုချက်ထဲမှာ ကျွန်တော် ပယ်ဖျက်ထားတဲ့ဟာကို အစိမ်းရောင်နဲ့ ပြထားခြင်းဖြစ်ပါတယ်။ ဒါလည်း ပုဒ်မ (ခ)မှာ ကျွန်တော် ပယ်ဖျက်တဲ့ဟာ ဖြစ်ပါတယ်။ ဒါ ပုဒ်မ ၁၉(ဂ)မှာ ကျွန်တော် ပြည်သူ့လွှတ်တော် အတည်ပြုချက်ကို ပယ်ဖျက်ထားတဲ့ စကားလုံးကို အစိမ်းရောင်နဲ့ ပြထားခြင်းဖြစ်ပါတယ်။ ဒါ ပုဒ်မ ၂၀(က)ကတော့ ကျွန်တော် တိုင်းဒေသကြီးသို့မဟုတ် လူမှုဝန်ထမ်းဦးစီးဌာနကဆိုတော့ စိစစ်ရာမှာ တာဝန်ခွဲဝေ သတ်မှတ်ပေးတာဖြစ်တဲ့အတွက် ကျွန်တော် ဖော်ပြထားခြင်းမရှိတဲ့အတွက် ကျွန်တော် အသစ်ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ ဒါကလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါ ပုဒ်မ၂၄ ကို ခြေဆင်းထုတ်ထားခြင်း ဖြစ်ပါတယ်။ ဒါ ပုဒ်မ၂၄ (က) ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထားတာကို အစိမ်းရောင်နဲ့ပြထားခြင်းဖြစ်ပါတယ်။ ဒါကလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါ ကျွန်တော် အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မ ၁၃(ခ) ဖြစ်ပါတယ်။ ဒါကလည်း အသစ်ဖြည့်စွက်ထားတဲ့၊ ပြင်ဆင်ထားတဲ့ ၃၄ (က) ဖြစ်ပါတယ်။ ဒါ ကျွန်တော် ၃၄ (ခ) ဖြစ်ပါတယ်။ အခု ဒါဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။

ဒါ ပုဒ်မ ၃၅(ဂ)ဟာ အသစ်ဖြည့်စွက်ထားတဲ့၊ အနီရောင်နဲ့ ပြထားတဲ့ မူလဥပဒေမှာမပါတဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒီဥပဒေက ဒီ အသစ်ဖြည့်စွက်ရခြင်း ရည်ရွယ်ချက်ကတော့ ကျွန်တော်စေတနာ့ဝန်ထမ်းတွေ လုပ်ငန်းအဆင်ပြေရန်၊ ချောမွေ့စေရန်နဲ့ ကလေးသူငယ် ပြုစုပျိုးထောင်ရေးမှာ ကလေးသူငယ်များ ဆိုင်ရာ ဥပဒေအရ ထောက်ပံ့ပေးရမှာ ဖြစ်တဲ့အတွက် (က)အနေနဲ့ ခွင့်ပြုချက်ရရှိထားတဲ့ ပြည်တွင်းမှာ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် စီးပွားရေးအကျိုးအမြတ် အလို့ငှာ မဟုတ်သော နေ့ကလေးထိန်းဌာနနဲ့ မူလတန်းကြိုကျောင်းများကို ရပ်ရွာအခြေပြုလုပ်ငန်းများနဲ့ အိမ်အခြေပြုလုပ်ငန်းများကို ------ကျေးဇူးတင်ပါတယ်။ အားလုံးကို။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၁၉။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ဒီနေ့ ဒီ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေနဲ့ ပတ်သက်ပြီးတော့ ဖြစ်နေတဲ့ အခြေအနေလေးကို အရင်ဆုံး ရှင်းလင်းတင်ပြပြီးတော့မှ ပြင်ဆင်လိုသောအချက်များကို ဆက်လက် ရှင်းလင်းသွားမှာဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ၂၀၁၅-၂၀၁၆ Demo Graphic and Health Survey အရ ဆိုရင် မြန်မာနိုင်ငံမှာ အသက် (၃)နှစ်မှ (၅)နှစ်အရွယ် ကလေးသူငယ် (၁၀၀)မှာ (၂၃)ဦးသာလျှင် ရှေးဦးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိနေပါတယ်။ ကျွန်မတို့ ပတ်ဝန်းကျင်နိုင်ငံများမှာ ရှိတဲ့ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ရင်တောင်မှ လွှမ်းခြုံမှုက အင်မတန်မှ နည်းနေတာကို တွေ့ရပါတယ်။ ဒီ ၂၀၁၁ ခုနှစ် စာရင်းဇယားများအရဆိုရင် ထိုင်းနိုင်ငံမှာ (၉၂)ရာခိုင်နှုန်း၊ အင်ဒိုနီးရှားမှာ (၄၃) ရာခိုင်နှုန်း၊ မလေးရှားမှာ (၆၁)ရာခိုင်နှုန်း လွှမ်းခြုံမှုရှိပါတယ်။ အဲဒါတွေနဲ့စာလို့ရှိရင် ကျွန်မတို့ မြန်မာနိုင်ငံမှာ ECCD လွှမ်းခြုံတာ (၂၃)ရာခိုင်နှုန်းပဲ ရှိတဲ့အတွက်ကြောင့် ကျွန်မတို့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေသည် ဒီ ECCD လုပ်ငန်းတွေကို ဖွံ့ဖြိုးဖို့အတွက် ဝန်ဆောင်မှု ပိုမိုပေးနိုင်ဖို့အတွက် အားပေးသော ဥပဒေများသာ ဖြစ်သင့်ပါတယ်။

အဲဒီတော့ ခုနတုန်းက ကျွန်မတို့ ဒီ ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးသွားတဲ့ ဒီ ဥပဒေရဲ့ ခေါင်းစဉ်၊ ဒါကတော့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ဆိုတဲ့အစား ဝန်ဆောင်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းဥပဒေဆိုတာ ပိုမိုသင့်တော်တယ်ဆိုတာကို ကျွန်မ ဆွေးနွေးလိုပါတယ်။

နံပါတ် (၂)အချက်အနေနဲ့ မူလဥပဒေ ၁၇(င)မှာ တာဝန်ခံကျောင်းအုပ်သည် အသက် (၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည့်အပြင် အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာ

ဒေသ အခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့်ပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမယ်လို့ ဖော်ပြထားပါတယ်။ ဒီမှာ သက်ဆိုင်ရာဒေသ အခြေအနေအရလို့ ဘယ်လိုပဲပြောပြော ကျွန်မတို့ ဥပဒေထဲမှာပါတဲ့ တက္ကသိုလ်ကနေ ဘွဲ့ရ ရမယ်၊ ဒီပလိုမာ ရ ရမယ် ဆိုတဲ့အချက်နဲ့ပဲ အောက်ခြေမှာ ကန့်သတ်ထားတဲ့အတွက်ကြောင့် ဒီ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး လုပ်ငန်းကို လုပ်ကိုင်မယ့်လုပ်ငန်းတွေဟာ အင်မတန်မှ ကန့်သတ်ထားတဲ့ အရည်အချင်းတွေ ဖြစ်နေပါတယ်။

ကျွန်မအနေနဲ့ ထားဝယ် ကန်ပေါက်ဒေသမှာ (၃)နှစ်တာ တာဝန်ကျတုန်းကဆိုလို့ရှိရင် ဒီ ရှေးဦးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းတွေဟာ အင်မတန်မှ အောင်မြင်ပါတယ်။ အဲဒီမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းအုပ်တွေရော၊ ကျောင်းဆရာ၊ ဆရာမတွေရော ကြည့်လိုက်တဲ့အခါမှာ မူလတန်းအဆင့်သာ ရှိတယ်ဆိုတာ တွေ့ရတယ်။ သူတို့ဟာ စနစ်ကျသော သင်တန်းများ တက်ရောက်ပြီးတော့ လုပ်ဆောင်တဲ့အခါမှာ အောင်မြင်တယ်ဆိုတာကိုလည်း တွေ့ရပါတယ်။

မူလဥပဒေ ၁၇(ခ)မှာ၊ သင်တန်းမှာ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံသော သင်တန်းသာ တက်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမယ်ဆိုတော့ ဒါ လက်တွေ့အနေအထားနဲ့ အင်မတန်မှ ကွာဟနေပါတယ်။ လူမှုဝန်ထမ်းရဲ့ သင်တန်းတွေဟာ တစ်နိုင်ငံလုံး အတိုင်းအတာကို မလွှမ်းခြုံနိုင်ပါဘူး။ ပြီးတော့ ဝေးလံခေါင်သီတဲ့ ဒေသမှ ဆရာ၊ ဆရာမများဟာလည်း ဒီသင်တန်းကို တက်ရောက်ဖို့အတွက် အင်မတန်မှ ခက်ခဲတယ်ဆိုတာကို ကျွန်မတို့ မြေပြင်အနေအထား စုံစမ်းလေ့လာရရှိချက်အရ တွေ့ရပါတယ်။

ပြီးတော့ မူလဥပဒေ၊ နည်းဥပဒေ ၁၇(င)မှာ နိုင်ငံခြားသားဖြစ်ပါက ဒီ ECCD လုပ်ငန်းကို လုပ်တဲ့လူဟာ နိုင်ငံခြားသားဖြစ်ရင် နိုင်ငံနှင့် နိုင်ငံသားအမည် Pass Post နဲ့ Visa အထောက်အထား မိတ္တူ တင်ပြရမယ်လို့ ဖော်ပြထားပါတယ်။ ကျွန်မတို့နိုင်ငံအတွင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေတောင်မှ ဒါ ဘွဲ့ရ ရမယ်။ နောက်ပြီးတော့ ဒီသတ်မှတ်ထားတဲ့ ဒီပလိုမာရှိရမယ်လို့ သတ်မှတ်ထားပြီးတော့ နိုင်ငံခြားသားကိုတော့ ကျွန်မတို့ Pass Post နဲ့ Visa အထောက်အထား မိတ္တူပဲ တောင်းတယ်ဆိုတာ အင်မတန်မှ လျော့ရဲပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာ ပညာရပ်ပိုင်းဆိုင်ရာ အရည်အချင်း၊ ကလေးသူငယ် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ နိုင်ငံမှ ထောက်ခံချက်ဆိုတာကို ထပ်မံဖြည့်စွက်လိုပါတယ်။ ပြစ်မှု၊ ပြစ်ဒဏ် ၃၄(က)မှာ ခွင့်ပြုချက်မရဘဲနဲ့ ရပ်ရွာအခြေပြု လုပ်ငန်းဆောင်ရွက်ရင် နောက် ၃၄(ခ)မှာ ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့်ကာလအတွင်း ပယ်ဖျက်သောအချိန်တွင် ဆောင်ရွက်ခြင်း၊ အဲဒါကို ပြစ်မှု အပြစ်ဒဏ် ကျပ်ငွေ(၃)သိန်းထက် မပိုသော ငွေဒဏ်ကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော အဖွဲ့အစည်းများအတွက် သတ်မှတ်ထားပါတယ်။ ကျွန်မအနေနဲ့ ဒါကို ပထမအကြိမ် စာဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်ကိုတော့ ကျပ်ငွေ(၁)သိန်း ထက်မပိုသော ငွေဒဏ်ဖြင့်သာ ချမှတ်ဆောင်ရွက်သင့်တယ်လို့ ဆွေးနွေးလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်။ အခု ကျွန်မတို့ ဆွေးနွေးနေတဲ့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေက ကျွန်မတို့နိုင်ငံမှာ မြန်မာ့ရှေးဦးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒဆိုတာရှိပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ ဥပဒေမှာကျတော့ ဒီမူဝါဒတွေပေါ်မှာ အခြေခံပြီးတော့ ရေးဆွဲထားတဲ့ဥပဒေဖြစ်မနေပါဘူး။ အဲဒီတော့ ရှေ့မှာလည်း ကျွန်မတို့ ကိုယ်စားလှယ်တွေက ဆွေးနွေးပြီး ဖြစ်ပါတယ်။

အဲဒီ ဥပဒေရဲ့ အခန်း(၁)မှာဆိုလို့ရှိရင် ဥပဒေရဲ့ ခေါင်းစဉ်ရှိပါတယ်။ အဲဒီတော့ ဒီဥပဒေတစ်ရပ်လုံးကို ကျွန်မတို့ ဖတ်လိုက်တဲ့အခါမှာ ဒီဥပဒေဟာဆိုလို့ရှိရင် ဒီမူကြိုကျောင်းတွေ၊ မူကြိုကျောင်းဖွင့်မှုတို့ ဒီနေ့ကလေးထိန်းကျောင်းတွေ ဖွင့်ဖို့အတွက်ကို ဒီမှတ်ပုံတင်ဖို့အတွက်ကိုသာလျှင် ရေးဆွဲထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ဒီအခန်း(၁)မှာဆိုလို့ရှိရင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ အစား ကျွန်မတို့က ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းဥပဒေလို့ပဲ ပြောင်းလဲသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကျွန်မ နောက်မှာ လုပ်ရမယ့် မူဝါဒတွေအများကြီး ထည့်သွင်းရမယ့် ဥပဒေတစ်ရပ်အဖြစ် အကောင်အထည်ဖော်စေချင်လို့ ဖြစ်ပါတယ်ရှင်။

ဆက်လက်ပြီးတော့ ကျွန်မတို့ရဲ့ အနာဂတ်ကလေးတွေ၊ ကျွန်မတို့ရဲ့ ရင်သွေးငယ်လေးတွေကို နေ့ကလေးထိန်းကျောင်းမှာ၊ မူကြိုကျောင်းမှာ အဲဒီလိုမျိုး နာရီပေါင်းများစွာ ထားပြီးတော့ ဝန်ဆောင်မှုထားတဲ့နေရာမှာ ဝန်ဆောင်မှုပေးတဲ့သူတွေရဲ့ အသိပညာဗဟုသုတနဲ့ သင်ကြားတဲ့ နည်းစနစ်တွေဟာ စနစ်ကျနမှုရှိဖို့လည်း လိုအပ်ပါတယ်။ အဲဒီတော့ အဲဒီ စနစ်ကျပြီးတော့ သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီမှုရှိ/မရှိဆိုတဲ့ အရာကိုလည်း ဗဟိုကြီးကြပ်ရေးနှင့် တိုင်းကြီးကြပ်ရေးအဖွဲ့တွေကနေပြီးတော့ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းတွေကိုလည်း ဥပဒေအရ တာဝန်နဲ့ကျင့်သုံး ဆောင်ရွက်ဖို့ကိုလည်း ပေးထားပေမယ့်လည်း ကျွန်မတို့ရဲ့ မိဘတွေနဲ့ တာဝန်ရှိသူတွေက အရည်အသွေးဆိုင်ရာညွှန်းကိန်းများ သင်ကြားရေးဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ အကြံပြုချက်တွေ ပေးဖို့ကျတော့ ကျွန်မတို့မှာ ရှိမနေဘူး။ အဲဒီလိုမျိုး အကြံပြုချက်တွေ၊ တိုင်ကြားချက်တွေကို လက်ခံဆွေးနွေးဖို့ဆိုလို့ရှိရင် ဒါ ဗဟိုကြီးကြပ်ရေးအဖွဲ့တို့ တိုင်းကြီးကြပ်ရေးအဖွဲ့တွေမှာလည်း တာဝန်ရှိပါတယ်။ ဒါတွေကို။ ဒီလူမှုဝန်ထမ်းဦးစီးဌာနမှာလည်း တာဝန်ရှိပါတယ်။ ဒါ့ကြောင့် အခန်း(၃)၊ ပုဒ်မ ၅ နဲ့ အခန်း ၄၊ ပုဒ်မ ၇ တွေမှာ ကြီးကြပ်ရေးအဖွဲ့သည် မိဘများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်နှင့် တိုင်ကြားချက်များကို လက်ခံဆွေးနွေး ဖြေရှင်းပေးရန် တာဝန်ရှိသည်ဆိုတဲ့ အပိုဒ်လေးတစ်ပိုဒ်ကိုလည်း ထပ်မံဖြည့်စွက်စေချင်ပါတယ်ရှင်။

ဆက်လက်ပြီး ကျွန်မတို့ ပုဒ်မ ၈(ဂ) နဲ့ ပုဒ်မ ၁၉(ဂ)တို့မှာ စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော ပြည်တွင်းပုဂ္ဂလိကနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနများသို့ သို့မဟုတ် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမယ်လို့ ပြင်ဆင်ချင်ပါတယ်ရှင်။ ဒီနေရာမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုတဲ့ နေရာမှာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနလို့ ပြင်ဆင်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာ မြို့တိုင်းမှာ အနည်းဆုံး ခရိုင်လူမှုဝန်ထမ်းဦးစီးရုံးတွေတော့ ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကလေးသူငယ် မူကြိုကျောင်းတွေနဲ့ ပတ်သက်ပြီးတော့ လူမှုဝန်ထမ်းဦးစီးဌာနကပဲ တာဝန်ယူပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီဟာကိုလည်း အပြည့်အဝ တာဝန်ထမ်းဆောင်စေချင်ပြီးတော့ ပြည်သူတွေကလည်း ရှင်းရှင်းလင်းလင်းနဲ့ ဘယ်ရုံးဌာနကို သွားလျှောက်ရမယ်ဆိုတာ သိစေချင်တဲ့အတွက် ဒီနေရာမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုတဲ့နေရာမှာ ခရိုင်လူမှုဝန်ထမ်းရုံးဆိုတာလေးကို ပြင်ချင်ပါတယ်ရှင်။

ဆက်လက်ပြီး ပုဒ်မ ၁၃(က)နဲ့ ပုဒ်မ ၂၄(က)နှင့် (ခ)တို့မှ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၆၀)ဆိုပြီးတော့ ရေးထားပါတယ်။ ဒီနေရာလေးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွေကို သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမယ်ဆိုတဲ့နေရာမှာ ရက်ပေါင်းတိုးတဲ့နေရာမှာ အနည်းဆုံးရက်ပေါင်း(၆၀)အစားကို အနည်းဆုံး ရက်ပေါင်း(၃၀)လို့ ပြင်ချင်ပါတယ်ရှင်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ဒီနောက်မှာလည်း ကျွန်မတို့က သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိဘူး။ သက်တမ်းတိုးဖို့အတွက် နောက်ကျတယ်ဆိုလို့ရှိရင် ဒဏ်ကြေးတွေကလည်း ပေးဆောင်ရတော့မယ်။ အဲဒီတော့ ပေးဆောင်ရတဲ့နေရာမှာ ရက်ပေါင်း(၆၀)ဆိုတဲ့ အခြေအနေက မေ့လျော့တာတို့၊ ဘာတို့လည်း ဖြစ်နိုင်ပါတယ်။ တကယ့်ပကတိအခြေအနေမှာ အဲဒီအတွက်ကြောင့်မို့လို့ ရက်ပေါင်း(၃၀)ဆိုတာပါက ပိုပြီးတော့ သင့်တော်ပါတယ်။ ဒါလေးကိုလည်း ပြင်စေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း(အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ/ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆိုဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေးပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills - Reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ/ကျောင်းသား အများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာ ရေးသား၊ ပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade-9) အဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့် လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills - Reading, writing, speaking, listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒေါ်ထုမေ ရဲ့ အဆိုဖြစ်တဲ့ (၉)တန်းမှစတင်၍ အင်္ဂလိပ်ဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills - Reading, writing, speaking, listening) ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲ သင်ကြားရန် အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သင်ကြားပေးနေတဲ့ အထက်တန်း သင်ရိုးညွှန်းတမ်းကို လေ့လာတဲ့အခါမှာ ဒီ သင်ရိုးညွှန်းတမ်းဟာဆိုရင် အလွတ်ကျက်စနစ် မဟုတ်ဘဲနဲ့ တကယ်ပဲတတ်အောင် သင်ကြားပေးနိုင်တယ်ဆိုရင်တော့ ဒီ reading နဲ့ writing အတွက်တော့ လုံလောက်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ကျွန်တော်တို့ ကျောင်းမှာ ဒီအလွတ်ကျက်စနစ်နဲ့ပဲ ဖြစ်ပြီးတော့ အင်္ဂလိပ်လိုနဲ့ပဲ မြန်မာစာကလွဲလို့ အခြားဘာသာရပ်တွေကို သင်ကြားပေးသော်လည်းပဲ ဒီဖတ်စာအုပ်ကို ကျောင်းသားတွေက ဘာသာမပြန်နိုင်တာကို တွေ့ရှိရပါတယ်။ ကျွန်တော် ဒီ listening နဲ့ speaking မှာတော့ လုံလောက်မှုမရှိဘူးလို့ ကျွန်တော် မြင်ပါတယ်။

ကျွန်တော် ဘယ်လိုလေ့လာခဲ့သလဲဆိုတာ နည်းနည်းတင်ပြလိုပါတယ်။ ကျွန်တော်တို့က တောမြို့ကလေးမှာ သင်လာတဲ့အချိန်ကျတော့ အင်္ဂလိပ်စကား ဒီ listening နဲ့ speaking အတွက် အလှမ်းဝေးပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဘယ်လိုလေ့လာခဲ့သလဲဆိုရင်တော့ ကျူရှင်လဲမတက်ဖူးဘူး ဆိုတော့ ကျွန်တော် ခွေတွေကို ဝယ်ပြီးတော့ ကျွန်တော် အမေရိကန် အင်္ဂလိပ်စကားကို Family Album U.S.A ဆိုတဲ့ စာအုပ်လေးနဲ့ အခွေကို လေ့လာပြီးတော့ အဲဒီမှာ ခွေပေါင်းများစွာ ရှိပါတယ်။ အလွတ်နီးပါးအကုန်လုံးကို ရအောင်လေ့လာပြီးတော့၊ ဒီ TOEFL လို့ခေါ်တဲ့ (Test of English as a Foreign Language) လို့ခေါ်တဲ့ဟာကို ကျွန်တော် လေ့လာပြီးတော့၊ နားထောင်ပြီးတော့ လေ့ကျင့်နေတဲ့အချိန်မှာ ကျွန်တော် ဒီစကားပြောဖော်လည်း ရှာတယ်။ အဲဒီလို ကိုယ်ဘာသာကိုပဲ Self Study နဲ့ လေ့လာတဲ့အချိန်မှာ ကျွန်တော် (၁၀)တန်းအောင်တဲ့အချိန်မှာ Tourist Guide လုပ်လို့ရတဲ့ အတိုင်းအတာထိ လေ့လာလို့ရတယ်ဆိုတာ ကျွန်တော် လက်တွေ့မှာ တင်ပြလိုပါတယ်။

အခုအချိန်ကျတော့၊ ကျွန်တော်တို့ အခုခေတ်မှာတော့ ခွေတွေအများကြီးရှိတယ်။ ဒီ Software တွေ အများကြီးရှိတယ်။ ဒါကို ကျွန်တော်တို့ ကျောင်းမှာ သင်ကြားပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ကျောင်းဆရာတွေအတွက်လည်း အထောက်အကူပြုမယ်။ ကျောင်းသားတွေလည်း တတ်မြောက်လာနိုင်မှာဖြစ်တယ်။ အဲဒါ ကျွန်တော်တို့ ဘာလိုအပ်သလဲဆိုတော့ ဘတ်ဂျက်ပဲ လိုအပ်တာ ဖြစ်ပါတယ်။ နိုင်ငံတော်က ဘတ်ဂျက်ကို ပံ့ပိုးပေးနိုင်ပြီးတော့ ကျောင်းတွေမှာ အဲဒီလို လုပ်ပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့ listening နဲ့ speaking မှာလည်း အဆိုရှင် တင်ပြသလို အတိုင်းအတာ တစ်ခု ထိရောက်စွာ နားထောင်စွမ်း၊ ပြီးတော့ ပြောဆိုစွမ်းလည်း ရှိလာနိုင်တယ်လို့ တင်ပြလိုပါတယ်။

နောက် တချို့တွေက ပြောတယ်၊ ဟာ အင်္ဂလိပ် ဘာကြောင့်လိုသလဲ။ အခု တရုတ်တို့၊ ကိုရီးယားတို့၊ ဂျပန်တို့မှာလည်း အင်္ဂလိပ်စကား ဒီလောက်မကျွမ်းကျင်ဘူး၊ တိုးတက်တာပဲ ဆိုတဲ့ အမြင်လည်းရှိတယ်။ ကျွန်တော် ဘာကြောင့်လိုလဲဆိုတဲ့ဟာကို နည်းနည်း တင်ပြလိုပါတယ်။ သူတို့ နိုင်ငံတွေမှာတော့ ကောင်းတဲ့ စာအုပ်မှန်သမျှကို ဘာသာပြန်ပြီးတော့ ထုတ်ဝေတယ်။ ပြီးတော့ သူတို့ ကိုယ်တိုင်ကလည်း ရေးတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီအပိုင်းမှာ အရမ်းအားနည်းတယ်။ ကျွန်တော်တို့ ပညာရေးစနစ်ကို အဆင့်မြင့်မြင့်ဖြင့် လုပ်ဖို့ရန်အတွက်ဆိုရင် ကျွန်တော်တို့ စာအုပ်တွေ မရှိပါဘူး။ ကျွန်တော်တို့ တက္ကသိုလ်တက်တဲ့အချိန်မှ ဘွဲ့ရတဲ့အထိ ကျွန်တော်ကိုယ်တိုင်လည်း Third Year အထိ Day မှာတက်ပြီးတော့ နောက်ဆုံးကတော့ အဝေးသင်နဲ့ အောင်ခဲ့ပါတယ်။ အဲဒီ အခြေအနေအထိမှာ ကျွန်တော်တို့ အလွတ်ကျက်စနစ်နဲ့ပဲ Research Base ပေါ့နော် သိပ္ပံသုတေသနနဲ့ စာတမ်းပြုစုတဲ့ စနစ်နဲ့ မဖြစ်နိုင်တဲ့အချိန်ကျတော့ ကျွန်တော်တို့ ပညာရေးက နိမ့်ကျနေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့

ကျောင်းတွေမှာ အဲဒီ Research Base နဲ့ သင်ကြားပေးနိုင်ဖို့ဆိုရင် ကျွန်တော်တို့ မြန်မာလိုရေးတဲ့ စာအုပ်တွေ၊ အင်တာနက်မှာရေးတဲ့ စာတမ်းတွေ မလုံလောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အင်္ဂလိပ်လိုတတ်မှ အဲဒီအဆင့်မြင့်တဲ့ ပညာရေးစနစ်ကို ကျွန်တော်တို့ ရနိုင်မှာ ဖြစ်ပါတယ်။

အခု အားလုံးသိတဲ့အတိုင်းပဲ။ အမေရိကန်မှာဆိုရင် Bill Gates တို့၊ Mark Zuckerberg တို့ဆိုရင် သူတို့ငယ်ငယ်လေးနဲ့ တက္ကသိုလ် ဒုတိယနှစ်လောက်မှာ တီထွင်မှု ရရှိနိုင်ပြီးတော့ ကမ္ဘာ့ အချမ်းသာဆုံးတွေ ဖြစ်လာတယ်။ ဒါဘာကြောင့်လဲဆိုတော့ သူက ပညာရေးစနစ်ကြောင့်ပဲ။ ဒီ Research Base နဲ့ ကျွန်တော်တို့ တက္ကသိုလ်ကို သင်ပေးလို့ ဒီလိုဖြစ်လာနိုင်တယ်။ ကျွန်တော် တို့လည်း ဒီအခြေအနေ ရောက်လာနိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ ဘာလိုလဲဆိုတော့ အင်္ဂလိပ်စကား ကျွမ်းကျင်ပြီးတော့ ဒီပညာကို တက္ကသိုလ်မှာသင်ပေးတဲ့စနစ်မှာလည်း ဒီ Research Skill ရရှိ အောင်ပေါ့။ ပြီးတော့ Source တွေလည်း ရရှိနိုင်အောင်ပေါ့။ ဒီစာအုပ်စာတမ်းတွေ၊ အင်တာနက်က နေသော်လည်းကောင်း၊ ကျွန်တော်တို့ စု၊ တု၊ ပြု နိုင်ရမယ့် ဒီ Source တွေကို ကျွန်တော်တို့ ရရှိနိုင်မှ အဲဒီလိုမျိုး ပညာရေးစနစ်ကို ကျွန်တော်တို့ ရနိုင်မယ်လို့ တင်ပြလိုပါတယ်။

နောက် အခုဆွေးနွေးတဲ့ထဲမှာ ဒီလိုတတ်ရင်လည်း ကျွန်တော်တို့ ဒီလို ပျောက်သွားမှာပဲ ဆိုတဲ့ဟာမျိုးလည်း ရှိပါတယ်။ ကျွန်တော်တို့ ဒီလိုမဟုတ်ဘဲနဲ့ နေ့စဉ်နဲ့အမျှပေါ့နော်။ စီးပွားရေး မှာသော်လည်းကောင်း၊ ဒီလို အသုံးပြုနိုင်အောင် ကျွန်တော်တို့ ပတ်ဝန်းကျင်တစ်ခုကိုလည်း ဖန်တီး ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံ၊ စီးပွားရေးမှာ တိုးတက်နေတဲ့ စင်ကာပူတို့၊ မလေးရှားတို့ ကြည့်မယ်ဆိုရင်လည်း နိုင်ငံတကာနဲ့ ဒီလိုရင်ပေါင်တန်းအောင် လုပ်ဖို့ရန်အတွက်ဆိုရင် သူတို့ အင်္ဂလိပ်စာကို တော်တော်လေး ကျွမ်းကျွမ်းကျင်ကျင် အားလုံးက လုပ်နိုင်တာကို လေ့လာ တွေ့ရှိရပါတယ်။ ပြီးတော့ ဒီလိုမျိုးပညာရေးစနစ် ဖြစ်ဖို့ရန်ဆိုရင် ကျွန်တော်တို့ Student Visa တို့၊ ကျောင်းမှာလည်း နိုင်ငံခြားသားတွေ လက်ခံပြီးတော့ Student Visa တွေလည်း ပေးဖို့လိုပါတယ်။ ပြီးတော့ Missionary Visa တွေလည်း ပေးဖို့လိုပါတယ်။ ဒီလိုပတ်ဝန်းကျင် ဖန်တီးပြီးတော့ ကျွန်တော်တို့ ဒီလို ပတ်ဝန်းကျင်အနေအထားမှာ ရောက်ရှိနိုင်တယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးစနစ်မှာလည်း အောင်မြင်မယ်။ ကျွန်တော်တို့ ပညာရေးစနစ်ဘက်မှာလည်း တော်တော်လေး တိုးတက်လာမယ်ဆိုတာကို တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီး နှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ အဋ္ဌမတန်း မှစတင်၍ အင်္ဂလိပ်ဘာသာကို သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားနည်းစနစ်များကို ခေတ်နှင့်လျော်ညီစွာ

စွမ်းရည်(၄)မျိုးပါဝင်သော စနစ်သို့ပြောင်းလဲသင်ကြားရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့နိုင်ငံက အင်္ဂလိပ်ဘာသာကို ရုံးသုံးတင်မကဘဲ နိုင်ငံတကာဆက်ဆံရေးဘာသာအဖြစ်ပါ ကျွန်တော်တို့နိုင်ငံက အသုံးပြုတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာကို သူငယ်တန်းကနေပြီးတော့ ကျွန်တော်တို့ဟာ အထက်တန်းအောင်တဲ့အထိ အင်္ဂလိပ်စာကို သင်ခဲ့ပြီးတော့ အထက်တက်သွားတဲ့ တက္ကသိုလ်၊ ကောလိပ်မှာလည်း ကျွန်တော်တို့ အင်္ဂလိပ်လိုပဲ သင်ပါတယ်။ သို့သော် သင်ခဲ့သင်ငြားသော်လည်း ဒီတက္ကသိုလ်က ဘွဲ့ရပြီးတဲ့ ပါရဂူတွေ၊ မဟာဘွဲ့ရတဲ့သူတွေ ဒီနေ့ အင်္ဂလိပ်စာ ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ ပတ်သက်ပြီးတော့ စိန်ခေါ်မှုတွေ၊ ရင်ဆိုင်နေရတယ်ဆိုတာ ဒီနေ့ ဒီထဲမှာရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း အသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ကမ္ဘာမှာလည်း စီးပွားရေး၊ အင်တာနက်၊ သိပ္ပံ၊ နည်းပညာ၊ အထွေထွေဗဟုသုတတွေကို အင်္ဂလိပ်ဘာသာဖြင့် တစ်ဦးနဲ့တစ်ဦး ဆက်ဆံလို့ရတယ်၊ ပြောလို့ရတယ်၊ ဆွေးနွေးလို့ရတယ်၊ အသိပေးလို့ရတယ်၊ လေ့လာလို့ရတယ် ဆိုတာလည်း အားလုံးက သိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ သူငယ်တန်းကနေပြီးတော့ အင်္ဂလိပ်စာသင်ခဲ့တယ်ဆိုပေမယ်လို့ အလွတ်ကျက်တဲ့စနစ် ဖြစ်နေပါတယ်။ ဒီနေ့ ပိုဆိုးတာက ဘယ်လောက်ထိဆိုးလဲဆို တက္ကသိုလ်၊ ကောလိပ်မှာအထိ အလွတ်ကျက်နေပါတယ်။ စာပေးစာယူတွေဆို ပိုဆိုးပါတယ်။ ဒါ နယ်တွေမှာ တကယ်ဖြစ်နေတဲ့အဖြစ်အပျက်တွေပါ။ ဒီမှာ စာပေးစာယူတင်မကဘူး။ တက္ကသိုလ်၊ ကောလိပ်ရောက်သွားတဲ့အချိန်မှာ ကျွန်တော်တို့က ပထဝီ၊ သမိုင်းတောင်မှပဲ အင်္ဂလိပ်လိုပဲ သင်တာ၊ မြန်မာစာက လွဲလို့ရှိရင်။ အဲဒီလိုဆိုလို့ရှိရင် ကျွန်တော်တို့က Physics တွေ၊ Chemistry တွေ၊ Maths တွေမှာ ကျွန်တော်တို့က Law တွေပါတယ်၊ Theory တွေပါတယ်၊ ပြီးရင် ကိစ္စပြတ်သွားပြီ၊ ဒါ ဘယ်လိုလုပ် ဒီကလေးတွေက ဆက်ပြီးသိကြတော့မလဲ။ ဒီကလေးတွေကို အညွန့်ချိုးပစ်လိုက်တာနဲ့ ကျွန်တော်တို့က အတူတူပဲဖြစ်သွားပြီပေါ့။

တစ်ခါထပ်ပြီးတော့ ကျွန်တော်တို့ဟာကို ပြန်ကြည့်ရမယ်ဆိုလို့ရှိရင် ဒီနေ့ရှိနေတဲ့၊ သင်ခဲ့တဲ့ ကလေးတွေ၊ ရှိနေတဲ့ကလေးတွေဟာ ဘယ်လိုအခြေအနေမျိုးနဲ့ သင်ခဲ့ကြရတာလဲဆို ကျွန်တော်တို့က Verb 1, Verb 2, Verb 3 ဆို သင်လာကြတယ်။ ဒီကလေးတွေ သွားမေးကြည့်တော့ Present Tense မှန်းမသိ၊ Past Tense မှန်းမသိ၊ Future Tense မှန်းမသိ။ အချိန်ကာလမသိဘဲနဲ့ ကျွန်တော်တို့က သဒ္ဒါဘယ်လိုသင်ကြမှာလဲ။ ဒီအခြေအနေမျိုးနဲ့ ကျွန်တော်တို့ သင်လာခဲ့ကြရတာ။ ဒါချည်းသာ ကျွန်တော်တို့က ဆက်တိုက်ထားမယ်ဆိုရင် ဒီကလေးတွေက ဒီထက်ပိုဆိုးသွားပါလိမ့်မယ်။ မျိုးဆက်တွေလည်း ပိုတုံးသွားပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နိဂုံးချုပ်ပါမယ်။ ကျွန်တော်တို့ လွှတ်တော်ထဲကို နှစ်ပေါင်း (၃၀)လောက် ရုန်းကန်ပြီးရောက်လာတာ နိုင်ငံ့တာဝန်ထမ်းဆောင်ချင်လို့ပါ။ နိုင်ငံ့တာဝန်ထမ်းဆောင်ရာမှာလည်း အခက်အခဲတွေ၊ အကြပ်အတည်းတွေ၊ ပြဿနာတွေ၊ မပြည့်စုံမှုတွေနဲ့ ဒါရင်ဆိုင်ရမှာ အမှန်ပဲ။ ကျွန်တော်တို့ ရင်ဆိုင်ရမှာပဲ။ ကျွန်တော်တို့ လွှတ်တော်က ရင်ဆိုင်ရလို့၊ အစိုးရ ရင်ဆိုင်ရလို့။ ကျွန်တော်တို့ အစိုးရ ရင်ဆိုင်ရမှာ။ ဒါတွေ ရင်မဆိုင်ချင်လို့လည်း ကျွန်တော်တို့မရဘူး။ ဒါတွေ

ရင်မဆိုင်ဘဲနဲ့ အချိန်ဆွဲနေမယ်ဆိုလို့ရှိရင် စက္ကန့်တိုင်း စက္ကန့်တိုင်း၊ မိနစ်တိုင်း မိနစ်တိုင်း၊ အချိန်တိုင်း အချိန်တိုင်း မျိုးဆက်တွေကို မှန်ကန်တိကျတဲ့ အသိတွေ၊ အတတ်တွေ၊ အတွေးတွေ၊ အယူအဆတွေ မပေးနိုင်ရင် ကမ္ဘာကြီးနဲ့ဝေးကွာ ကျန်နေခဲ့မှာပဲ ကျွန်တော်တို့က။ ဒီလိုမဖြစ်အောင် ဒီနေ့ ဒီအချိန် ကစပြီးတော့ ရေနစ်မှာကိုကြောက်လို့ ကလေးကို ရေပေးမတွေ့ဘူးဆို ရေမကူးတတ်တာပဲ ဖြစ်သွား မယ်။ ရေနဲ့ တွေ့လာရင်တော့ သေမှာပဲ ဒီကလေး။ ကြီးလာလည်း သေမှာပဲ။ ငယ်ငယ်လည်း သေမှာပဲ ရေနစ်။ ရေမှမကူးတတ်ဘဲ။ ဒါကြောင့် ကျွန်တော် ဒီနေရာကနေ ဆွေးနွေးလိုပါတယ်။ ဒေါ်ထုမေ ရဲ့ အင်္ဂလိပ်စာ 4 Skills နဲ့ သင်ရေးဆိုတာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများ မကြောက်ပါနဲ့ ကျွန်တော်တို့။ ရဲရဲရင်ဆိုင်ပြီးတော့ ကျွန်တော်တို့ ဖြတ်သန်းကြအောင်ပါလို့ပြောရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ ခင်ဗျား။ အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာရေးသား ပြောဆိုဆက်သွယ်နိုင်ရန်အတွက် အဋ္ဌမတန်း (Grade 9)မှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ် စနစ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုးဖြစ်သည့် (4 skills - Reading, writing, speaking, listening) အရေး၊ အဖတ်၊ အပြော၊ နားထောင်ခြင်း စသည်တို့ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ ၏အဆိုအား ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ ထောက်ခံဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

ထောက်ခံဆွေးနွေးရခြင်း အကြောင်းအရင်းကတော့ ကျေးလက်ဒေသမှာ မွေးဖွားကြီးပြင်း လာခဲ့ရတဲ့ ကျွန်တော်၊ အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီး ပါရမီ ဓာတ်ခံလည်း အားနည်းပါတယ်။ ဒါကြောင့် ဘာနဲ့အလားသဏ္ဍာန်တူလဲဆိုတော့ ကျွန်တော်တို့ငယ်ငယ်က ကျေးလက်နေ ပြည်သူများဟာ ဘောင်းဘီရှည်ဝတ်လာတာ မြင်ရင် ကြောက်တဲ့အနေအထားမျိုးပါ။ တစ်နည်းအားဖြင့် လှည်းဒေါက်ခွ မြင်ရင် ကြောက်ရတဲ့အနေအထားပါ။ အားငယ်တဲ့စိတ် ကျွန်တော်တို့ အမြဲခံစားရပါတယ်။ ပဥ္စမတန်း၊ ကျွန်တော်တို့ ခေတ်ကတော့ ပဥ္စမတန်းမှာမှ အင်္ဂလိပ်စာ စသင်ပြီးတော့ မြို့ကျောင်းသွားတက်ရ ပါတယ်။ နဖူးတွေ့၊ ဒူးတွေ့ တွေ့ကြရတော့၊ အင်္ဂလိပ်စာ ရေးရတာတော့ ကိစ္စမရှိပါဘူး။ အဖတ်နှင့် အပြောကျတော့ ကြောက်ကို ကြောက်ခဲ့ရတာ။ သင်ရိုးကျတော့ မြန်မာသဒ္ဒါလို အင်္ဂလိပ်စာ အခြေခံလည်း ဒီလိုပါပဲ။ အင်္ဂလိပ်စာသဒ္ဒါ Grammar ကိုလည်း နားလည်အောင်သင်ပေးရန် ပြဋ္ဌာန်းချက် မပါတော့ ပိုဆိုးခဲ့ပါတယ်။ လူ့စွမ်းအား အရင်းအမြစ်များဖြစ်တဲ့ ကျွန်တော်တို့ရဲ့ သားသမီး၊ မြေး၊ မြစ်တွေ ကျွန်တော်တို့ကဲ့သို့ အင်္ဂလိပ်စာကဏ္ဍမှာ မခံစားရလောက်အောင် လက်တွေ့ကျကျ ယခု အစပျိုးနေတဲ့ KGတန်း, KG+1, Grade 1 အပြောနဲ့နားထောင်နိုင်စွမ်းအပိုင်းတွေမှာ လက်ရှိအနေအထား အောင်မြင်

ခြေများကြောင်း ကျွန်တော် လေ့လာတွေ့ရှိခဲ့ရပါတယ်။ Grade 1 ကတော့ ဟုတ်ပါပြီ။ တဖြည်းဖြည်းနဲ့ အတန်းမြင့်လာရင်တော့ ဒေါ်ထုမေ အဆိုများလိုပဲ Grade 9 ကစပြီး အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ ပညာရေးကဏ္ဍအတွက် အောင်မြင်မှု ဖြစ်နိုင်ခြေများနိုင်ပါ့မလား။ ကျွန်တော်တို့ သင်ကြားမည့် ဆရာ၊ ဆရာမများ အခန်းကဏ္ဍအရေးကြီးလာပါပြီ။ ဆရာကမှ သင်ကြားနည်းစနစ် မတတ်ကျွမ်းရင် တပည့်က ပါရမီရှိသူက လွဲပြီးတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပည့်များ၊ မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်များ အာဆီယံတင်မကဘူး၊ ကျွန်တော်တို့ရဲ့ ကမ္ဘာ့အလယ်ပညာစွမ်းပကားဖြင့် မြင့်တင်နေနိုင်ဖို့ ခေတ်မီ လုပ်သားများ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့ သင်ကြားနိုင်ရန် ဆရာ၊ ဆရာမများကိုလည်း မွေးထုတ်နိုင်ဖို့ လိုအပ်လာပါပြီ။ တရားရှာ ကိုယ်မှာတွေ့ဆိုတဲ့ စကားလိုပါပဲ။ အင်္ဂလိပ်ပညာရေး၊ တခြားနိုင်ငံတွေ မှာ ဗဟုသုတတွေဟာ ရှာစရာသိပ်တောင်မလိုပါဘူး။ သို့သော် နည်းပညာနှင့် ပတ်သက်ရင် အပိုင်း လောက်တော့ ကျွန်တော်တို့ လိုမယ်ထင်ပါတယ်။ ယခင် ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများကလည်း တင်ပြခဲ့ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဦးဘဝင်း တို့၊ ဦးသန့် တို့၊ ဦးနု တို့၊ ဗိုလ်ချုပ် တို့ ခေတ်က ကျွန်တော်တို့ရဲ့ အင်္ဂလိပ်ပညာရေးစနစ်က သိပ်ကောင်းခဲ့လို့ ကျွန်တော်တို့ ကမ္ဘာနဲ့ ရင်ပေါင် တန်းနိုင်ခဲ့ပါတယ်။ မြန်မာအမျိုးသားများဟာ မခံမရပ်နိုင်လို့ မိမိကိုယ်ကိုအစွမ်းနဲ့ပဲ တည်ဆောက် ဖွင့်လှစ် သင်ကြားခဲ့တဲ့ အမျိုးသားပညာရေးကျောင်းတွေလည်း ပေါ်ထွက်ပြီးသား ဖြစ်ပါတယ်။

အဲဒီနောက် ကျွန်တော်တို့ ခေတ်လောက်ကစပြီးတော့ နောက်ကျကျန်ခဲ့လို့ ယနေ့ခေတ် ပညာနဲ့ရင်ပေါင်မတန်းနိုင်တာ အားလုံးအသိပါ။ ဆရာ၊ ဆရာမတွေကို အချိန်ပိုသင်တန်းပေးရာမှာပင် ဘဏ္ဍာငွေတွေဖြည့်သွင်းပေးဖို့ လိုအပ်ပါတယ်။ စိတ်ဓာတ်တွေ မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြောကြားချင်တာကတော့ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာ၊ ပဋိကတ်သုံးပုံ စာအုပ်တွေ ခေါင်းအုံးအိပ်နေရုံနဲ့ ကျွန်တော်တို့ အနှစ်သာရ မသိရှိနိုင်ပါဘူး။ ကျင့်ကြံပွားများအားထုတ်မှသာ အကျိုးများစွာ ဖြစ်နိုင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၁၈ စာအုပ်ကြီး၊ အင်္ဂလိပ်၊ မြန်မာဘာသာနဲ့ထုတ်ထားတဲ့ စာအုပ်နှစ်အုပ် ခေါင်းအုံးအိပ်ရုံနဲ့ ကျွန်တော်တို့ မဖြစ်နိုင်ပါဘူး။ လက်တွေ့အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ လိုအပ်နေပါပြီ။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က နောက် ဒီနေ့ အစိုးရစာသင်ကျောင်းတွေမှာပဲ ဖြစ်ဖြစ်၊ ပုဂ္ဂလိက စာသင်ကျောင်းမှာပဲ ဖြစ်ဖြစ်။ ဆိုကြပါစို့။ ပညာရေးစုံညီပွဲတော်တွေမှာ ကျောင်းသားများကို အစီအစဉ် ကြေညာတာကအစ ကလေးတွေကို မြန်မာလို၊ အင်္ဂလိပ်လို ပြောခိုင်း။ ကျွန်တော်တို့ ပုံပြင်လေးတွေကိုလည်း အင်္ဂလိပ်လို လက်တွေ့ကျကျ သရုပ်ဖော်ခိုင်း။ ဒီနေ့ ကျွန်တော်တို့ မကွေးမြို့ရဲ့ အခြေအနေတင်ပြရရင် မကွေးမြို့ရဲ့ ပုဂ္ဂလိကကျောင်းတွေမှာ အဆိုတော်တွေနဲ့ ဈေးကြီးပေး အပြိုင် အဆိုင်ခေါ်ကြ။ ကျင်းပနေကြတာ ကျွန်တော်တို့ လက်တွေ့ပါပဲ။ ဒါကြောင့် တကယ်တော့ စုံညီပွဲတော် တွေ၊ ဖျော်ဖြေပွဲလည်း မဟုတ်သလို၊ မိဘတွေ ပြိုင်တဲ့ပွဲလည်း မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ အားလုံး သိစေချင်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ရေး၊ ဖတ်၊ ပြော၊ နားထောင်နိုင်တဲ့အဆင့် ဖြစ်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ထူးခြားတဲ့နှစ်လို့ ကျွန်တော်တို့ ပြောစမှတ်ရှိခဲ့ပါတယ်။ (၄)တန်း၊ စတုတ္ထတန်းကို ခရိုင်စစ်၊ အဋ္ဌမတန်း၊ (၈)တန်းကို တိုင်းစစ်၊ ဆရာ၊ ဆရာမတွေက ကိုယ့်တပည့်တွေ မကျရှုံးအောင် ကြိုးစားသင်ခဲ့ကြလို့ (၂၀)ရာခိုင်နှုန်းလောက်ပဲ အောင်ပါတယ်။ အဲဒီမှာ ပြန်ပြီးတော့ ပြင်လိုက်တဲ့အခါမှာ အားလုံးပြန်ပြီး အအောင်ပေးလိုက်တဲ့အခါမှာ ဆရာ၊ ဆရာမတွေ စိတ်ဓာတ်ကျသွားပါတယ်။ မသင်လည်းအောင်တာပဲကွာဆိုတဲ့ စိတ်ဓာတ်မျိုးပေါ်တာ ကျွန်တော်တို့ အဆိုးဆုံးပါပဲ။ ဒါကြောင့် သက်ဆိုင်ရာဌာနဝန်ကြီးများ အဆင့်ဆင့်ကလည်း ကိုယ့်လုပ်ရပ်၊ ကိုယ့်ရဲ့ဌာနကို ပြန်လည်စဥ်းစားဖို့ လိုအပ်ပြီလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိမဲဆန္ဒနယ်မြေ ကျေးလက်ဒေသကို ရောက်လို့ ပြည်သူလူထုရဲ့ ပကတိအနေအထား တွေ့ရမှာက စိုက်ပျိုးသီးနှံများ ဝင်ငွေ၊ ထွက်ငွေမမျှလို့ အလုပ်အကိုင်မရှိကြလို့ ကျေးရွာများမှာ လုပ်သားလည်း ရှားပါးလာပါပြီ။ ဘယ်သွားနေကြလဲဆိုတော့ နိုင်ငံခြားအလုပ် ထွက်လုပ်နေတာ များပါတယ်။ ဖိလစ်ပိုင်လို အင်္ဂလိပ်စာ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်စွာနဲ့ ခေတ်မီလုပ်သားအဖြစ်နဲ့ သွားလုပ်ကြတာ မဟုတ်ပါဘူး။ စားဝတ်နေရေးမပြေလည်လို့ ရရာအလုပ် လုပ်ဖို့ သွားကြတာပါ။ အဲဒီတော့ ကျွန်တော်တို့ ငယ်ငယ်ကသင်ရတဲ့ ကုဋ္ဌေရှစ်ဆယ်သူဌေးသားအကြောင်းထဲက စာပိုဒ်လေးတစ်ပိုဒ် အမှတ်သွားရမိပါတယ်။ နင်သာလူမိုက် ဒုစရိုက်ဟု ရိုက်ပုတ်လိုက်ကြ ရွာမှထွက်လေ တောမှာသေ၏ စာပိုဒ်လေး လိုပါပဲ။

အဲဒီလိုပါပဲ။ ပညာမတတ်တော့ တစ်ပါးနိုင်ငံသွား အလုပ်လုပ်နေကြတာ။ အခြေခံပညာ အင်္ဂလိပ်စာ ကျွမ်းကျင်မှု မရှိတော့ ခေတ်မီကျွမ်းကျင်လုပ်သားလည်း မဖြစ်နိုင်ဘူး။ အနှိမ်ခံဘဝနဲ့ အလုပ်လုပ်ကြတာ ဝမ်းနည်းစရာ အင်မတန်ကောင်းလှပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံမှာဆိုရင် ရောင်းဝယ်ဖောက်ကား ငွေကြေးလဲလှယ်ကြရင် U$ ဒေါ်လာ ငွေကြေးခိုင်မာအောင် လုပ်တယ်။ ယူရိုငွေကြေး ခိုင်မာအောင်လုပ်တယ်။ ဖန်တီးထားတာ အားလုံးအသိပါပဲ။ ဆက်သွယ်ရေးစနစ်၊ နည်းပညာစနစ်မျိုးစုံ၊ ပညာရေးကဏ္ဍမျိုးစုံ၊ သုတေသနကဏ္ဍတွေမှာ အင်္ဂလိပ်စာဟာ ကမ္ဘာမှာ ပေါင်းကူးတံတားသဖွယ် လမ်းကူးဆောင်ရွက်နေကြပါတယ်။ ကျွန်တော်တို့ရဲ့ ဆရာတော်ကြီးတစ်ပါး မိန့်မှာချက်မှာတောင်ပဲ ဗုဒ္ဓဘာသာ ကမ္ဘာကို ထိုးဖောက်ချင်ရင် အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် အစွန်းနှစ်ပါးလွတ်စွာ ဆောင်ရွက်ကြရမယ်လို့ မှာကြားဘူးပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ဖြင့်တော့ ကျွန်တော်တို့ လက်လှမ်းမီသလောက် အခြေပြုတင်ပြပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်ထုမေ တင်ပြခဲ့တဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ဖော်ဆောင်နိုင်ဖို့အတွက် လေးလေးနက်နက် ထောက်ခံရင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးရမယ့် အကြောင်းကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ အဆိုပဲ ဖြစ်ပါတယ်။

အဆိုရှင်ရဲ့ အထက်တန်းပညာရေးပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာရေးသား ပြောဆို ဆက်သွယ်နိုင်ရန်အတွက် အဋ္ဌမတန်း (Grade-9) မှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် သို့မဟုတ် (စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုးဖြစ်သည့် (4 skills- Reading, writing, speaking, listening)စသည်တို့ ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုဟာ နိုင်ငံတော်မှ ဆောင်ရွက်နေပြီဖြစ်တဲ့ KG+12 ၂၀၁၆-၂၀၂၁ အမျိုးသားပညာရေး မဟာစီမံကိန်းနဲ့ ဆက်စပ်ပတ်သက်လျက်ရှိပါတယ်။ ၎င်းစီမံကိန်းအရ KG တန်း မှစ၍ Grade 12 အထိ သင်ရိုးညွှန်းတမ်း အသစ်များဖြင့် သင်ကြားနေပြီ ဖြစ်ပါတယ်။ KG တန်းများကို ၂၀၁၆ ခုနှစ်မှစတင်၍ သင်ကြားနေပါတယ်။ ၂၀၁၇ ခုနှစ်မှာ Grade -1 အတန်းများကို စတင်သင်ကြား နေပါတယ်။

ယခုနှစ်ပညာသင်နှစ်မှာလည်းပဲ Grade 2 တန်းများကို သင်ကြားမှာ ဖြစ်ပါတယ်။ မြန်မာ နိုင်ငံရဲ့ သင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီက ၂၀၂၂ ခုနှစ်မှာ Grade 12 အထိသင်ရိုးသစ်များကို အပြီးသတ်ရေးဆွဲ ပြဋ္ဌာန်းမယ်လို့ ဆိုထားပါတယ်။ ၎င်းသင်ရိုးသစ်များဟာ အဆိုရှင်ရဲ့ အင်္ဂလိပ်စာ ဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်စာမေးပွဲကို ခေတ်နှင့် လျော်ညီစွာ စွမ်းရည်လေးမျိုး စနစ်ပါဝင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကို ၂၉-၁၂-၂၀၁၇ ရက်နေ့က ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ ပြုလုပ် ခဲ့ပါတယ်။ အဲဒီနေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးတာရှိပါတယ်။ ပညာရေးနှင့် ပတ်သက်လို့ ဒီနိုင်ငံဟာ သိပ်ပြီးတော့ အဆင့်အတန်းနိမ့်သွားတာ အကြောင်းနှစ်ခုရှိပါတယ်။ တစ်ခုက ပညာရေးစနစ်ကိုက မကောင်းလို့နိမ့်တာ၊ နောက်တစ်ခုက ငြိမ်းချမ်းရေးမရှိလို့။ အဲဒါကတော့ နယ်စွန်၊ နယ်ဖျားမငြိမ်းချမ်းတဲ့ ဒေသတွေမှာ မှန်တယ်။ ကျောင်းမတက်နိုင်လို့ ကျောင်းတွေ မဖွင့်နိုင်လို့ ပညာ မတတ်တာက တစ်မျိုး၊ ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးတွေမှာ ကျောင်းတွေက ပိတ်ရတာမှ မဟုတ်ဘဲ။ အများအားဖြင့် ကျောင်းတွေက ပိတ်ရလို့ မဟုတ်ဘဲနဲ့ ကျောင်းမှာသင်တဲ့ ပညာရေးစနစ်က မမှန်လို့ ဖြစ်ရတာပါ။ တစ်ချိန်တစ်ခါတုန်းက မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ အရှေ့တောင်အာရှမှာတင် မကဘဲနဲ့ အာရှတိုက်တစ်ဝန်းမှာ နံပါတ်(၁)က ပြေးနေတာပါ။ အခု အဲဒီလိုမဟုတ်ဘဲနဲ့ နံပါတ် နောက်ဆုံးလောက်က ရောက်နေပါတယ်။ အဲဒါကတော့ ပညာရေးစနစ်မမှန်ခဲ့လို့။ အဲဒီတော့ ပြုပြင်ရမှာ ဘဲ။ သို့သော်လည်း ပညာရေးစနစ်တစ်ခုကို ပြုပြင်တယ်ဆိုတာ နေ့ချင်း ညချင်း လုပ်လို့မရပါဘူး။

တချို့တွေက ဒီကာလရဲ့ ဆယ်စုနှစ်ပေါင်းများစွာထဲမှာ အထူးအားဖြင့် ကျောင်းသား လူငယ်တွေ ခံခဲ့ရတဲ့ ကိစ္စတစ်ခုကတော့ အစမ်းသပ်ခံဖြစ်သွားတာပေါ့။ ပညာရေးနှင့်ပတ်သက်လို့ မူတစ်ခုချလို့ရှိရင် အနည်းဆုံးတော့ (၁၀)နှစ်လောက်တော့ ဦးတည်ပြီး ကြည့်ရမယ်။ ပညာရေးစနစ် တစ်ခု ပြောင်းဖို့ဆိုတာ အခု ကျွန်မတို့နိုင်ငံမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ ဥပမာ အားလုံးသိတဲ့ အင်္ဂလိပ်စာဘာသာမှာ ညံ့နေတဲ့ကိစ္စ၊ အားနည်းနေတဲ့ကိစ္စ၊ အခု အင်္ဂလိပ်စာဘာသာစကား မသုံးချင် လို့ကို မရဘူး။ တစ်ကမ္ဘာလုံးမှာ သုံးတယ်။ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြီးတော့ လုပ်မယ်ဆိုလို့ရှိရင် ဘာသာ စကားကို ကျွမ်းကျင်ဖို့လိုတယ်။ ဆယ်စုနှစ်ပေါင်းများစွာ အင်္ဂလိပ်စာဘာသာစကား သင်ကြားမှု အားနည်းတဲ့ အခါကျတော့ သင်နိုင်တဲ့ဆရာ၊ ဆရာမတွေတောင် ရှားနေပါတယ်။ ဆရာ၊ ဆရာမတွေ ကိုယ်တိုင်က ဒီ အားနည်းတဲ့ စနစ်ထဲမှာ ကြီးပြင်းလာပြီး ပညာသင်ယူရတာဆိုတော့ ဘယ်လိုလုပ်ပြီး မှန်မှန်ကန်ကန်နဲ့ ပြန်သင်နိုင်မလဲ။ ဆရာ၊ ဆရာမတွေကို တစ်ကြိမ်ထဲမှာ ပြုစုပျိုးထောင်နေရတယ်။ ကျောင်းသားတွေကိုသာ ကြည့်ပြီးတော့ မဟုတ်ဘဲနဲ့ ဆရာ၊ ဆရာမတွေကိုပါ ပြန်သင်နေရတယ်။ မိဘတွေကိုလည်း သင်နေရတယ်။ မိဘတွေကိုယ်တိုင်က အရင်တုန်းက မမှန်ကန်တဲ့ စနစ်တွေမှာ နေခဲ့ရတာဆိုတော့ တချို့တွေက မပြောင်းချင်ကြဘူး။ အပြောင်းအလဲကို မလိုလားကြဘူး။

အဲဒါကြောင့် လူငယ်တွေကစပြီးတော့ အပြောင်းအလဲကို ပြောင်းသင့်တဲ့နေရာမှာ ပြောင်းဖို့ ကိုတော့ သတ္တိရှိရှိနဲ့ လုပ်ရဲကိုင်ရဲဖို့ကတော့ အရေးကြီးပါတယ်လို့ ဆိုခဲ့ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က ဒေါ်ထုမေ ရဲ့ အဆိုဟာ မြန်မာနိုင်ငံရဲ့ ပြောင်းလဲနေပြီဖြစ်တဲ့ အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းနဲ့ ကိုက်ညီလိမ့်မယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ပညာရေးပြုပြင်ပြောင်းလဲမှု ဟာ ဆရာ၊ မိဘ၊ ကျောင်းသား ဆိုတဲ့ သုံးနားညီ တြိဂံနဲ့ မလုံလောက်တော့ပါဘူး။ ဆရာ၊ မိဘ၊ ကျောင်းသား၊ အစိုးရအသီးသီး၊ လွှတ်တော်အသီးသီးနဲ့ ပြည်သူတို့ပါဝင်တဲ့ ဥသုံ့ညီ ဆဋ္ဌဂံနဲ့ သွားမှ အောင်မြင်နိုင်လိမ့်မယ်ဟု တိုက်တွန်းဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးခင်မောင်ချို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဗိုလ်မှူးခင်မောင်ချို(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးခင်မောင်ချို ဖြစ်ပါ တယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီး အပြုသဘောဆောင်အကြံပြု ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုရှင်ရဲ့ အဆို တင်သွင်းတဲ့ ရည်ရွယ်ချက်ကို ခြုံငုံကြည့်ပါက Power Point မှာ တင်ပြထားတဲ့အတိုင်း အချက် (၄)ချက် တွေ့ရမှာ ဖြစ်ပါတယ်။ အဆိုကို ကျွန်တော့်အနေနဲ့ သင်ကြားမှုအပိုင်း၊ သင်ယူမှုအပိုင်း၊

သင်ရိုးညွှန်းတမ်း အပါအဝင် အပိုင်းသုံးပိုင်းနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကို ပြုပြင်ပြောင်းလဲမှုလုပ်တော့မယ်ဆိုရင် ပညာရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်နေကြသူတွေဖြစ်တဲ့ ဆရာ၊ ဆရာမတွေရဲ့အခန်းကဏ္ဍဟာ လွန်စွာမှ အရေးပါတဲ့နေရာကို ရောက်နေတာ ထင်ရှားလှ ပါတယ်။ ပညာရေးဟာ လူမှုသိပ္ပံပညာရပ်တစ်ခုဖြစ်ပြီး သင်ကြားခြင်း၊ သင်ယူခြင်းနှင့် ဆက်နွယ်နေတဲ့ ကျွမ်းကျင်မှုဆိုင်ရာများလို့ ခေါ်ဆိုကြပါတယ်။ ဒါပေမဲ့ သိမ်မွေ့နက်နဲသော အသိပညာဆိုင်ရာဗဟုသုတများသော လုပ်ငန်းဖြစ်ပါတယ်။ သင်ကြားရေးဆိုသည်မှာလည်း လမ်းညွှန်မှု Instruction, သင်ကြားမှု Teaching, လေ့ကျင့်မှု Training ဆိုပြီး သုံးမျိုးရှိကြောင်း လေ့လာသိရှိရပါတယ်။ သင်ကြားနည်းဆိုရာတွင်လည်း ပုံသေကားချပ် တစ်ပုံစံတည်း သင်ကြားသည့်ခေတ် မဟုတ်တော့ပါဘူး။ ခေတ်နှင့်အညီ စာတွေ့၊ လက်တွေ့ နှစ်မျိုးလုံးကို မျှတစွာ ပေါင်းစပ်ပြီး သင်ကြားရတာကြောင့် သင်ကြားရေးဟာ ပညာရေးလောကအတွက် လွန်စွာမှ အရေးကြီးလှပါတယ်။

သင်ကြားခြင်းဆိုရာတွင်လည်း သိမ်မွေ့နူးညံ့ပြီး ပညာပါတဲ့ အနုပညာတစ်ရပ် ဖြစ်ပါတယ်။ သင်ကြားမှုနဲ့တွဲလျက် သင်ယူမှု၏ အခန်းကဏ္ဍကို အထူးအလေးထား ဂရုပြုစီမံရသည်ဟုလည်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်မှာ သင်ယူမှုပုံစံအမျိုးမျိုးရှိသည့်အနက် အသုံးများသော သင်ယူမှုပုံစံများကတော့ လက်တွေ့လှုပ်ရှားမှုဖြင့် သင်ယူခြင်း၊ အမြင်ဖြင့်သင်ယူခြင်း၊ အကြားဖြင့် သင်ယူခြင်း၊ အလုံးစုံ ဆက်စပ်လေ့လာသင်ယူခြင်းတို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ယနေ့မျက်မှောက်ခေတ်ကာလ ဖွံ့ဖြိုးစနိုင်ငံအသီးသီးဟာ ပညာခေတ်ရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနေရတာကြောင့် လူသားဘဝရပ်တည်ရာ လူ့သမိုင်းမှာ လူသားအားလုံးဟာ အသက်အရွယ် အပိုင်းအခြားအလိုက် သင်ကြားမှု၊ သင်ယူမှုကို မဖြစ်မနေ လုပ်နေရမှာဖြစ်ပါတယ်။ အလားတူ ဆရာ၊ ဆရာမတို့ကိုယ်တိုင်ကလည်း သူတို့သင်ကြားပေးနေသော ကျောင်းသား၊ ကျောင်းသူများ အတန်းလိုက် အရွယ်လိုက် သိသင့်သည်များကို သိရှိနိုင်ရေး၊ လေ့လာလေ့ကျင့်ပြီးမှ ပြန်လည်သင်ကြားပေးရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံသည်လည်း ပညာခေတ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ အနာဂတ်ပညာရေး ကောင်းမွန်ရေးတို့အတွက် ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေး ဥပဒေနှင့်အညီ အမျိုးသားပညာရေးကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့မှာ ပညာရေးကဏ္ဍအသီးသီးမှ ပညာရှင်များ ပညာရေးအတွေ့အကြုံရှိသူ စုစုပေါင်း (၂၁)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကော်မရှင်အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးကို အကောင်းဆုံး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါတယ်ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင် Power Point မှာ တင်ပြပါ ပြဋ္ဌာန်းထားသည့်အတိုင်း အစိုးရအစဉ်အဆက်သည်လည်း ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြပါတယ်။ ယခုလည်း ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ မသင်မနေရမူလတန်းပညာကို သင်ကြားခဲ့ပြီးစေကာမူ ကျေးလက်ဒေသရှိ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ စာအရေး၊ အဖတ်၊ အတွက်တို့အပြင် အဖက်ဖက်မှာ အားနည်းနေတာဟာ ကျေးလက်ဒေသ ပညာရေးနဲ့ ကြုံတွေ့နေရသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ပညာသင်ယူမှု ကဏ္ဍကို နှိုင်းယှဉ်မည်ဆိုပါက နိုင်ငံလူဦးရေ(၇၀) ရာခိုင်နှုန်းဟာ ကျေးလက်နေ ပြည်သူများဖြစ်တာကြောင့် ကျေးလက်ဒေသ အခြေခံပညာသင်ကြားသူ ကျောင်းသားရာခိုင်နှုန်းဟာ မြို့ပြထက်သာလွန်နေသည်မှာ ထင်ရှားလှပါတယ်။ သို့သော်လည်း

ကျေးလက်ဒေသပညာသင်ယူမှု အခြေအနေကတော့ မူလတန်းမှအလယ်တန်း ၎င်းမှ အထက်တန်းသို့ တက်လှမ်းမှု၊ ကျောင်းနေမှု၊ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုများအပြင် ပညာရေး ရေစီးကြောင်း၏ ကျောင်းသားစီးဆင်းမှု အခြေအနေသည်လည်း မူလတန်းအဆင့်တွင် ကျောင်းသား၊ ကျောင်းသူ (၁၀၀) ဦးမှာ (၁၀)ဦးသာ အထက်တန်းပြီးဆုံးကြောင်း တက်ရောက်နိုင်ပြီး၊ ကျန်(၉၀)ဦးဟာ အထက်တန်းပညာရေးကို မပြီးဘူးလို့ သိရှိရပါတယ်။

Power Point Slide Show မှာ တင်ပြထားပါ တန်းစဉ်ဇယားတွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်၌ သူငယ်တန်းတက်ရောက်သူ ကျောင်းသား (၁၁၆၉၄၄၈)ဦးတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရောက်ရှိချိန် ဒသမတန်းအောင်မြင်သူ (၁၃၃၅၃၆)ဦးသာရှိတာကြောင့် ကျောင်းသား ဦးရေ (၁၀၀၀)တွင် (၁၁၄)ဦးသာရှိပြီး (၁၁.၄)ရာခိုင်နှုန်းသာ အထက်တန်းပညာကို ပြီးမြောက်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဆိုပါ ကျောင်းသားစီးဆင်းမှု ကွာဟချက်အပေါ် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကို သုံးသပ်လို့ရပါတယ်။ အဆိုပါ ကွာဟချက်ဟာ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးမှု မတူညီခြင်းကြောင့်လား။ ကျောင်းသားအရေအတွက်ထက် သင်ကြားသူ ဆရာ၊ ဆရာမ သတ်မှတ် အချိုးမညီမျှခြင်းကြောင့်လား။ သင်ထောက်ကူပစ္စည်း လိုအပ်ချက်ကြောင့်လား။ အခြေခံပညာဆရာ၊ ဆရာမများရဲ့ အရည်အသွေးပိုင်း ဆိုင်ရာကြောင့်လား။ ဒါမှမဟုတ် ဥပဓိရုပ်မကောင်းသည့် ကျောင်းနှင့် ဆရာများနေထိုင်ရာ ဝန်ထမ်း အိမ်ရာအခက်အခဲကြောင့်လားဆိုတာကို လက်တွေ့ကျကျ ပြန်လည်သုံးသပ် သုတေသနလုပ်ရန် လိုကြောင်း ကျွန်တော် အကြံပြုလိုပါတယ်။

မြန်မာနိုင်ငံရဲ့ ပစ္စုပ္ပန်အနာဂတ်ဟာ ပညာရေးပေါ်တွင်မှီနေခြင်းကြောင့် အခြေခံပညာသင် ဆရာ၊ ဆရာမများ အရည်အသွေးပိုင်းဆိုင်ရာ မြင့်မားရန် အမျိုးသားပညာရေးဥပဒေ ၂၀၁၄ အခန်း ၃ ရှိ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများအခန်း ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)အရ သင်ကြားသူ ဆရာ၊ ဆရာမ များကို (Continuous Learning) ဟူသည့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုစနစ်ကို ထူထောင်ချမှတ် ရန် တွေ့ရှိရပါတယ်။ ဒါကြောင့် အဆိုပါ စနစ်ကို ထိထိရောက်ရောက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး ပညာရေးဝန်ကြီးဌာနကို ကျွန်တော် အကြံပြုလိုပါတယ်။ သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးဟာ ရှေးခေတ် ဘုန်းကြီးကျောင်း ပညာရေးမှစပြီး ယနေ့ မျက်မှောက်ခေတ် ပညာရေးအထိ၊ ဖြတ်သန်းခဲ့သော ပညာရေး ရှုခင်းဟာ၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာအမျိုးမျိုး ကျောင်းသုံးစာအုပ်အဖုံဖုံ၊ သင်နည်းအစုံစုံ၊ လမ်းညွှန်အကြံပြုချက်များစွာနဲ့ စစ်ဆေးနည်းအမျိုးမျိုးကို သတ်မှတ်ပြဋ္ဌာန်းခဲ့ကြရပါတယ်။

ယနေ့ ပညာရေးမြှင့်တင်ရန် ကြိုးပမ်းနေချိန် အမျိုးသားပညာရေးဥပဒေအခန်း ၇၊ ပုဒ်မ ၃၉ (စ)တွင် အခြေခံပညာအဆင့်အသီးသီးအတွက် သင်ရိုးညွှန်းတမ်း၊ အညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်း စံများရှိတဲ့ လမ်းညွှန်ထားရှိတာကြောင့် အခြေခံပညာရှိ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို သက်ဆိုင်ရာမှ ရေးဆွဲအကောင်အထည်ဖော်နေကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် လေးနှစ်သင် ပညာရေးဒီဂရီ ကောလိပ်ရှိ ဆရာ၊ ဆရာမများကို သင်ရိုးညွှန်းတမ်းအသစ် သင်ကြားနည်း အသစ်ဖြင့် စတင်သင်ကြားပေးသွားမည် ဖြစ်ကြောင်းလည်း သိရပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၏ ပထမတန်းအင်္ဂလိပ်စာ ဘာသာရပ်ကျောင်းသုံးစာအုပ်ဟာ 4 Skills ကို အခြေခံပြီး ပြုစုထားခြင်း ဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။

ဆက်လက်ပြီးလည်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ပညာရေးဖွဲ့စည်းပုံစနစ် KG +12 ဖြင့် 4 Skills ကို အခြေခံသော သင်ရိုးညွှန်းတမ်းကို သင်ကြားနည်းစနစ်သစ်များဖြင့် သင်ကြားရေးကို သက်ဆိုင်ရာမှ ရေရှည်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်နေလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ သို့သော်လည်း အဆိုရှင်အနေဖြင့် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို စွမ်းရည် (၄)မျိုး၊ 4 Skills ပါဝင်သော စနစ်သို့ ပြောင်းလဲသင်ကြားလိုသည့် အဆိုရဲ့ရည်ရွယ်ချက်နှင့် ပညာသင်ကြားရေး၌ Subject ဘာသာရပ်ကျွမ်းကျင်မှုထက် Language ဘာသာစကားကျွမ်းကျင်မှုအပေါ် အဓိကထား တင်ပြထားကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကို ဖြတ်လမ်းနည်းနဲ့ လိုက်လို့မရပါဘူး။ ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်လို့ မရပါဘူး။ ပညာရေးဆိုတာဟာ ရေရှည်ဆောင်ရွက်ရသော သိမ်မွေ့နက်နဲသော ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဖြစ်ပြီး ပညာရေးတွင် 4 Skills ကို ကျွမ်းကျင်လိုပါက ပဓာနကျသော ပုဂ္ဂိုလ်များကတော့ ပညာရေးကို ဦးစီးဆောင်ရွက်နေသော ပညာရေးဝန်ကြီးဌာန၊ တတ်သိပညာရှင်၊ မိဘများ၊ ဆရာများနှင့် မှတ်သားသင်ယူလိုစိတ်ရှိသော ကျောင်းသား၊ ကျောင်းသူများသာ အဓိကဖြစ်ကြောင်း အကြံပြုရင်း ကျွန်တော်ရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ အဆိုနဲ့ စပ်လျဉ်းပြီး သုံးသပ်အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီး အရေး၊ အဖတ်၊ အပြောအကြား စွမ်းရည်(၄)မျိုးကို အခြေမတန်းမှ စတင်၍ သင်ကြားပေးပြီး အင်္ဂလိပ်ဘာသာ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းစနစ်များနှင့် အကဲဖြတ်စနစ်များကို ခေတ်နဲ့လျော်ညီစွာ စွမ်းရည်(၄)မျိုးစလုံးပါဝင်တဲ့စနစ်ကို ပြုပြင်ပြောင်းလဲ သင်ကြားပေးဖို့ အဆိုတင်သွင်းခဲ့ခြင်းဖြစ်တယ်လို့ မှတ်ယူမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်လူငယ်များဟာ နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်သည့် ဒေသတွင်းအာဆီယံအဆင့်နှင့် အာရှအဆင့်သာမက ကမ္ဘာ့အဆင့်အတန်းမီသော ပညာရေးစနစ်မျိုး ရရှိစေပြီး ကမ္ဘာ့လူငယ်များနှင့် ရင်ပေါင်တန်းနိုင်သော မြန်မာ့လူငယ်များ ဖြစ်လာစေရေးဆိုတဲ့ ရည်ရွယ်ချက်ဟာ အင်မတန်ကောင်းမွန်သလို အနာဂတ်လူငယ်များအပေါ်မှာ ထားရှိတဲ့ အဆိုရှင်ရဲ့ စေတနာကိုလည်း လေးစားမိပါတယ်။ သို့သော် အင်္ဂလိပ်ဘာသာကို အခြေမတန်းမှ စတင်ပြီး စွမ်းရည်(၄)မျိုးစလုံး ထိရောက်စွာ သင်ယူတတ်မြောက်ဖို့ ဆိုတာဟာ ရေတိုလုပ်ငန်းအနေနဲ့ ဆောင်ရွက်ရမည့်

လုပ်ငန်းမျိုး မဟုတ်ဘဲ ရေရှည်စီမံကိန်းချ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် လုပ်ငန်းသဘော မျိုးလို့ နားလည်သဘောပေါက်မိပါတယ်။ ဘာသာရပ်တစ်ခုအတွက် လိုအပ်တဲ့ သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းစနစ်၊ သင်ကြားပြသနိုင်မယ့် ဆရာ၊ ဆရာမများ မွေးထုတ်နိုင်ရေး၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများနှင့် အကဲဖြတ်မှုများဟာ အချိန်ယူပြုပြင်ပြီး ဆောင်ရွက်ရမယ့် လိုအပ်ချက်များလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာစကားတစ်ခု ကျွမ်းကျင်တတ်မြောက်ဖို့ရာမှာ သင်ကြားနည်း စနစ်ကလည်း အလွန်အရေးကြီးလှပါတယ်။ သင်ကြားတဲ့အခါမှာ ပိုမိုထိရောက်ဖို့အတွက် နည်းပညာ ဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ၊ ကျောင်းသားနဲ့အချိုးညီမျှတဲ့ စာသင်ခန်းများ၊ ကျောင်းသား ဦးရေနဲ့ ဆရာဦးရေအချိုး ညီညွတ်မျှတရန်လည်း လိုအပ်ပါတယ်။ ဒါ့အပြင် လက်ရှိအတန်းစဉ်တွင် သင်ကြားပေးနေသော အင်္ဂလိပ်စာ ဘာသာရပ်သင် ဆရာ၊ ဆရာမများကို စွမ်းရည်(၄)ရပ်စလုံး အရည် အသွေးမြင့်တက်လာအောင် ကျောင်းသူ၊ ကျောင်းသားများကို ပြန်လည်သင်ကြားပေးနိုင်ရန် အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်မှု သင်တန်းများ ပို့ချပေးရန်လည်း လိုအပ်သလို အင်္ဂလိပ်စာစွမ်းရည်(၄)ရပ်နှင့် ပြည့်စုံတဲ့ ဆရာ၊ ဆရာမအသစ်များကိုလည်း တိုးမြှင့်ခန့်ထားပေးဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်များနှင့် ပညာရေးတက္ကသိုလ်များမှာလည်း အင်္ဂလိပ်စာ စွမ်းရည်(၄)ရပ်နှင့်ဆိုင်တဲ့ သင်ရိုးညွှန်းတမ်းအသစ်နဲ့ သင်ကြားနည်းအသစ်များကို သတ်မှတ်ပြဋ္ဌာန်းပြီး စွမ်းရည်ပြည့်ဝတဲ့ ဆရာ၊ ဆရာမများကို ရေရှည်စီမံကိန်းအတွက် ရည်မှန်းပြီး ပြုစုပျိုးထောင် မွေးထုတ် ပေးရမှာလည်းဖြစ်ပါတယ်။ ဒီကိစ္စတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နှစ်အလိုက် ပညာရေးဘတ်ဂျက်များကိုလည်း တိုးမြှင့်သုံးစွဲရမှာ ဖြစ်သလို ပြောင်းလဲတိုးတက်လာမယ့် နည်းပညာ၊ ခေတ်စနစ်နဲ့အညီ ရေရှည်လုပ်ငန်းတစ်ရပ်အနေနဲ့ အချိန်ယူဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပညာရေးပြုပြင်ပြောင်းလဲမှု စီမံချက်တစ်ရပ် အနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း National Education Strategic Plan (2016-2021)ကို ရေးဆွဲပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိပါတယ်။ ထိုစီမံကိန်းစာအုပ်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဥယျောဇဉ်မှာလည်း လာမယ့်(၅)နှစ်တာကာလအတွင်း ကျောင်းသား များ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူ ရရှိနိုင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးစနစ်ကို အဓိကထား ပြောင်းလဲ ပေးရမည်။ ထိုကဲ့သို့ ပြောင်းလဲပေးရာတွင် အရည်အသွေးနှင့် သာတူညီမျှမှုရှိပြီး ကလေးများနှင့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်သည် မရှိမဖြစ် လိုအပ်လာပါသည်။ သို့မှသာ ကလေးများ အနေဖြင့် အသိပညာအသစ်များနှင့် တတ်ကျွမ်းမှုများ၊ တီထွင်ဖန်တီးခြင်းနှင့် ဆန်းစစ်ဝေဖန်ခြင်း ဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်များရရှိကာ မိမိတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို ရွေးချယ်တတ်လာစေခြင်းဖြင့် ၂၁ ရာစု မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်မည် ဖြစ်ပါသည်လို့ ဖော်ပြထားတဲ့အတွက် နိုင်ငံတော်၏ပညာရေးအတွက် ပကတိအရှိတရားနဲ့ ဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့် ရည်မှန်းချက် များဟာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍတစ်ခုကို အောင်မြင်စွာ အကောင်အထည်ဖော်ဖို့ မီးမောင်းထိုးပြထားသလို အဆိုရှင်ရဲ့ ရည်ရွယ်ချက်နဲ့လည်း ထပ်တူကျလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် အခြေခံပညာဌာနတွင် ပညာသင်ယူမှုများကို KG + 10 မှ KG + 12 အဖြစ် စတင်ပြောင်းလဲနေခြင်း၊ ထိုသို့ပြောင်းလဲရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲမှုများကို JICA ရဲ့ နည်းပညာပံ့ပိုးမှုဖြင့်လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် A.D.V ၏ နည်းပညာပံ့ပိုးမှုဖြင့်လည်းကောင်း ရေးဆွဲနေလျက်ရှိပါတယ်။ ပြောင်းလဲလာမယ့် ပညာသင်နှစ်များနှင့်အတူ သင်ရိုးသစ်များရေးဆွဲ အကောင်အထည်ဖော်နေမှုများဟာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အထက်တန်းအဆင့်အထိ ပြီးစီးအောင် စီမံချက်ထား ဆောင်ရွက်နေလျက်ရှိပါတယ်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သင်ရိုးများအတွက် A.D.V ၏ နည်းပညာ၊ ငွေကြေးအကူအညီဖြင့် စတင်ဆောင်ရွက်နေလျက်ရှိရာ အင်္ဂလိပ်ဘာသာရပ်အတွက်လည်း သင်ရိုးသစ်နှင့်အတူ သင်ကြားနည်းအသစ်၊ စစ်ဆေးအကဲဖြတ်နည်းအသစ်များ ပါဝင်စေမည်ဖြစ်ပြီး အင်္ဂလိပ်စာ စွမ်းရည်(၄)ရပ်ကို ဦးတည်သော သင်ရိုးများ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင်၏ အဆိုနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ချမှတ်ပြီး အင်္ဂလိပ်စာ စွမ်းရည်(၄)ရပ် အပါအဝင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍသစ်ကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါသဖြင့် အဆိုရှင်၏ အဆိုကို လွှတ်တော်၌ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ အဆိုအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အဆိုတင်သွင်းသူ ဒေါ်ထုမေ ရဲ့ ရည်ရွယ်ချက်(၄)ရပ်ဟာ အင်မတန် ကျွန်တော်တို့ ဒါ ကောင်းမွန်ပါတယ်။ ဆွေးနွေးအကြံပြုကြသူ အားလုံးကလည်းပဲ အပြုသဘောဆောင်ပြီးတော့မှ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေကို အင်္ဂလိပ်စာ အရည်အသွေး 4 Skills ပိုမိုကောင်းမွန်လာစေရန် ဆွေးနွေးအကြံပြုကြတဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာ 4 Skills မြင့်မားဖို့ ဆိုလို့ရှိရင် ကျွန်တော်တို့ ဆရာ၊ ဆရာမတွေရဲ့ အင်္ဂလိပ်စာစွမ်းရည် မြင့်မားရေးဟာ အဓိကကျပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနဟာ British Council နဲ့ ပူးပေါင်းပြီးတော့ (English For

Education College Trainer Effect Project)ဖြင့် ပညာရေးတက္ကသိုလ်(၂)ခု၊ ပညာရေးကောလိပ်(၂၀)မှာရှိတဲ့ ဆရာ၊ ဆရာမ (Educators)များရဲ့ အင်္ဂလိပ်စာစွမ်းရည် တိုးတက်လာစေရန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်၊ မတ်လအထိ (၂)နှစ်ခွဲကြာ တက္ကသိုလ်၊ ကောလိပ်တစ်ခုစီမှာ Native Speaker Trainer (၂)ဦးစီက သင်တန်းပို့ချပေးခဲ့တဲ့အတွက် စုစုပေါင်း Educators (၁၈၉၉)ဦးကို သင်တန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ပထမတစ်နှစ်မှာ English Language Proficiency နဲ့ ကျန်တဲ့ တစ်နှစ်ခွဲမှာ Language Teaching Methodology တွေကို သင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ အင်္ဂလိပ်စာ သင်ပြနည်းဌာနများမှ သီးသန့်ရွေးချယ်ထားတဲ့ ဆရာ၊ ဆရာမ (Educators) (၂၀၅)ဦးကို Master Trainer များအဖြစ် ထပ်မံသင်တန်းပေးခဲ့ပြီး၊ ၎င်း Master Trainer များက ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များရှိ ဆရာ၊ ဆရာမများရဲ့ အင်္ဂလိပ်စာ သင်ကြား၊ သင်ယူမှုစွမ်းရည် တိုးတက်လာစေရန်အတွက် တစ်ပတ်လျှင် (၂)ကြိမ် သင်တန်းပေး ဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများရဲ့ အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုနိုင်စွမ်းရည်နှင့် သင်ပြနည်းများ ပိုမိုကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အခုလို ဆောင်ရွက်ခဲ့တဲ့ (၂)နှစ်တာကာလအတွင်းမှာ အခြေခံပညာအထက်တန်း ဆရာ၊ ဆရာမများဖြစ်လာမယ့် သင်တန်းသား၊ သင်တန်းသူ (၂၄၀၀)ဦး၊ မူလတန်းဆရာ၊ ဆရာမများ ဖြစ်လာမယ့် သင်တန်းသား၊ သင်တန်းသူ(၁၂၀၀၀)ဦး၊ စုစုပေါင်း (၁၄၄၀၀)ဦးကို အင်္ဂလိပ်စာ သင်ကြား၊ သင်ယူမှု စွမ်းရည်တိုးတက်လာစေရန်အတွက် သင်တန်းပို့ချခဲ့ပြီး ဖြစ်ပါတယ်။ ဆရာအတတ် ပညာကဏ္ဍမှာလည်း ဆရာ၊ ဆရာမများရဲ့ ဘာသာရပ် ကျွမ်းကျင်မှု၊ သင်ကြားသင်ယူမှု နည်းလမ်းများ၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုမှု၊ သင်ယူမှုဝန်းကျင်ကောင်း အကောင်အထည်ဖော်မှု၊ ယဉ်ကျေးမှု၊ အနုပညာ၊ ပန်းချီ၊ ဂီတ၊ အားကစား စတဲ့ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေအတွက်လည်း လိုအပ်တဲ့ အရည်အသွေးပြည့်ဝမှု ပိုမိုကောင်းမွန်စေရန်အတွက် (၂)နှစ်သင် ပညာရေးကောလိပ်တွေကို (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေး ပိုမိုကောင်းမွန်လာဖို့လို့အတွက် (၂)နှစ်သင် ပညာရေးကောလိပ်တွေကို ပညာရေးဝန်ကြီးဌာနအနေနဲ့ (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို(၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်တွေအဖြစ် အဆင့်မြှင့်တင်ပြီး ဘာသာရပ်များပို့ချရာမှာ အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ကို အခြေခံ၍လည်းကောင်း၊ Competency ကို အခြေခံ၍လည်းကောင်း သင်ကြားသင်ယူ ပို့ချသွားမှာ ဖြစ်ပါတယ်။ (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်များမှာရှိတဲ့ ဆရာ၊ ဆရာမများဖြစ်လာမယ့် သင်တန်းသား၊ သင်တန်းသူများကို သင်ရိုးညွှန်းတမ်းအသစ်၊ သင်ကြား သင်ယူမှု နည်းလမ်းအသစ်များဖြင့် စတင်သင်ကြားပေးသွားမှာ ဖြစ်တဲ့အတွက် အရည်အသွေးပြည့်ဝတဲ့ ဆရာ၊ ဆရာမများကို ပြုစုပျိုးထောင် မွေးထုတ်ပေးသွားနိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒီလို (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်တွေအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့လို့အတွက် Australia,

British Council, DFID, Finland, JICA, Norway, UNESCO စတဲ့ မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးစနစ်ကြီးတစ်ခုလုံးမှာ မူလတန်းပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အဲဒီအခြေခံအုတ်မြစ် ကောင်းမွန်စွာ တည်ဆောက်နိုင်ဖို့လို့အတွက် အလွန်ပဲအရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးစနစ်ကြီးမှာ ပြန်ကြည့်လိုက်ရင် မူလတန်းပြ ဆရာ၊ ဆရာမများဟာ အတွေ့အကြုံ၊ ရင့်ကျက်မှု၊ အရည်အသွေး ပိုမိုကောင်းမွန်လာရေးအတွက် အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို ယခု ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ မူလတန်းပြရာထူး၊ အလယ်တန်းပြရာထူး၊ အထက်တန်းပြရာထူးတွေကို ခန့်ထားရေးနဲ့ ရာထူးပြောင်းရွှေ့ခြင်း၊ တိုးမြှင့်ရေးစနစ်တွေကိုလည်း အရည်အချင်း၊ သတ်မှတ်ချက် ပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်ရေးကိုလည်း စီစဥ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုကို တင်ပြပြီးတဲ့ နောက်မှာ KG + 12 အခြေခံပညာရေးစနစ်နှင့် သင်ရိုးညွှန်းတမ်းမြှင့်တင်ရေးကို တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အားလုံးသိပြီးသားအတိုင်း KG + 12 အခြေခံပညာရေးစနစ်ကို အကောင်အထည်ဖော်ဖို့လို့အတွက် KG တန်းမှ စတင်၍ ပြောင်းလဲသင်ကြားနေပြီ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့လို့အတွက် သင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲမှုတွေကို မူလတန်းအဆင့်မှာ JICA ၏ နည်းပညာ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်မှာ A.D.V ၏ နည်းပညာ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အပြီး ရေးဆွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ပထမတန်း Grade-1 အင်္ဂလိပ်စာ ဘာသာရပ် ကျောင်းသုံးစာအုပ်ကို အင်္ဂလိပ်စာစွမ်းရည် (၄)မျိုး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ပြုစုထားကြောင်း တင်ပြအပ်ပါတယ်။ ဒါသည် ကျွန်တော်တို့ ဘယ်ဘက်ကသည် ဒါ ကျောင်းသုံးဖတ်စာအုပ် အဟောင်းဖြစ်ပါတယ်။ ညာဘက်က ဖတ်စာအုပ်သည် သင်ရိုးအသစ် ကျောင်းသုံးဖတ်စာအုပ် အသစ်ဖြစ်ပါတယ်။ ဒီမှာတော့ ကျွန်တော်တို့ Reading Skills, Writing Skills, Speaking Skills နဲ့ Listening Skills တွေကို ကျွန်တော်တို့ ပိုမိုကောင်းမွန်ဖို့အတွက် ဆောင်ရွက်ထားပါတယ်။ သင်ရိုးဟောင်းက ဖတ်စာအုပ်အဟောင်းကတော့ ကျွန်တော်တို့များသောအားဖြင့် သူသည် Pronounciation နဲ့ Writing Skills ကိုပဲ ကောင်းမွန်ဖို့ ဦးတည်ခဲ့တာ ဖြစ်တဲ့အတွက် အဆိုရှင်တင်ပြခဲ့တဲ့အတိုင်းပဲ 4 Skills ပိုမိုကောင်းမွန်ဖို့အတွက် ဆောင်ရွက်သွားရမှာသည် အမှန်ဖြစ်ပါတယ်။ ဒါတွေသည် ကျွန်တော်တို့ သင်ရိုးအဟောင်းနဲ့ အသစ်ရဲ့ နှိုင်းယှဥ်ချက်တွေဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီမှာကြည့်လိုက်လို့ရှိရင် သိပါတယ်။ ကျွန်တော်တို့ ဒါသည် သင်ရိုးအသစ်မှာ ဆိုလို့ရှိရင် Listening and Sing ဆိုပြီးတော့ နားထောင်မယ်၊ ဆိုမယ် ပြီးရင် ကျွန်တော်တို့ Listening and Say နားထောင်မယ်၊ ပြောမယ် ပြီးရင် ကျွန်တော်တို့ Practice ပါတယ်။ ပြီးရင် ကျွန်တော်တို့ Listening and Say နားထောင်မယ်၊ ပြောမယ်၊ ပြီးရင် လေ့ကျင့်မယ်၊ ပြီးရင် ကျွန်တော်တို့ နားထောင်မယ်။ ပြောမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ 4 Skills ကို ကျွန်တော်တို့ ဒါ ဦးတည်ဆောင်ရွက်ထားပါတယ်။ ပြီးရင် ကျွန်တော်တို့ လေ့ကျင့်ခန်းတွေပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ Writing Skills ကောင်းဖို့

အတွက် ဒါပြီးရင် ကျွန်တော်တို့ လေ့ကျင့်မယ်။ ဒါသည် လေ့ကျင့်ခန်းဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ Listening and Say နားထောင်မယ်၊ ပြောမယ်။ ပြီးရင် Trace and Say ဟုတ်လား ဒီအစက်လေးတွေကို ဆက်ပြီးတော့ ရေးမယ်။ ပြီးရင်ပြောမယ်။ အပြောစွမ်းရည် လေ့ကျင့်မယ်။ ပြီးရင် ကျွန်တော်တို့ နားထောင်မယ်။ ပြောမယ်။ ဒါမျိုးလေးတွေကို ကျွန်တော်တို့ ဖတ်စာအုပ်အသစ်မှာ ဆောင်ရွက်ထားပါတယ်။ ပြီးရင် ကျွန်တော်တို့ သီချင်းဆိုမယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ လေ့ကျင့်မယ်။ တစ်ယောက်နဲ့ တစ်ယောက်၊ ပြီးလို့ရှိရင် ကျွန်တော်တို့ အပြောစွမ်းရည်တွေကို ကျွန်တော်တို့ လေ့ကျင့်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျောင်းသုံးဖတ်စာအုပ်သည် 4 Skills ကို ကျွန်တော်တို့ ဦးတည်ပြီးတော့ ဆောင်ရွက်ထားတဲ့အပြင် ကျောင်းသုံးဖတ်စာအုပ်ကို ပြုစုထားသလို ဆရာ၊ ဆရာမတွေကို လည်းပဲ ကျွန်တော်တို့ ဒါ Teacher Manual နဲ့ တစ်ခါတည်း Lesson Plan တွေ ရေးဆွဲပြုစုစရာ၊ အချိန်ကုန်ခံစရာ မလိုဘဲနဲ့ တစ်ခါတည်း ကျောင်းသား၊ ကျောင်းသူတွေကို ဘယ်လိုသင်ကြားသင်ယူ ပေးရမယ်ဆိုတာလေးတွေကိုပါ၊ ကျွန်တော်တို့ တစ်ခါတည်း Teacher Manual တွေကိုပါ တစ်ခါ Chapter အစကနေ အဆုံးအထိပြုစုပြီးတော့ ဆရာ၊ ဆရာမတိုင်းကို ကျွန်တော်တို့ ဒါ ဖြန့်ဝေပြီးတော့ ဆောင်ရွက်ထားတယ်ဆိုတာလေးကိုလည်း လေးစားစွာ တင်ပြလိုပါတယ်။ အဲဒီလို ပြင်ဆင်ထားတဲ့ သင်ရိုးညွှန်းတမ်းအသစ်တွေနဲ့ လျော်ညီတဲ့ သင်ကြားသင်ယူမှု နည်းစနစ်တွေနဲ့ သင်ကြားပေးနိုင်ဖို့ လို့အတွက်ကိုလည်း သင်ယူတတ်မြောက်မှုကို အမှန်တကယ် ဆန်းစစ်နိုင်ရန် ဆရာ၊ ဆရာမတွေကို ၂၀၁၇ ခုနှစ်၊ မတ်လနဲ့ ဧပြီလမှာ သင်တန်းများ ပို့ချပေးထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ဒုတိယတန်း၊ ၂၀၁၉-၂၀၂၀ မှာ တတိယတန်းနဲ့ ဆဋ္ဌမတန်း၊ ၂၀၂၀-၂၀၂၁ မှာ စတုတ္ထတန်း၊ သတ္တမတန်းနဲ့ ဒသမတန်း၊ ၂၀၂၁-၂၀၂၂ မှာ ပဥ္စမတန်း၊ အဋ္ဌမတန်းနဲ့ ဧကဒသမတန်း၊ ၂၀၂၂-၂၀၂၃ မှာ နဝမတန်းနဲ့ ဒွါဒသမတန်း သင်ရိုးညွှန်းတမ်း အသစ်တွေကိုလည်း ဆက်လက်ရေးဆွဲပြုစုသွားပြီးတော့ သင်တန်းတွေကိုလည်းပဲ ဆရာ၊ ဆရာမအားလုံးကို ကျွန်တော်တို့ ဒါ သင်တန်းပို့ချပေးပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ English Subject သင်ကြားသင်ယူ နည်းမှာလည်းပဲ Participatory Method, Interactive Method တွေနဲ့ အင်္ဂလိပ်စာ စွမ်းရည် (၄)မျိုးရရှိအောင် သင်ကြားသင်ယူမှု နည်းစနစ်အသစ်များဖြင့် သုံးပြီးတော့ ပြောင်းလဲသင်ကြား သင်ယူ နိုင်ရန် သင်ရိုးညွှန်းတမ်းများ ရေးဆွဲနေပြီ ဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ပထမတန်းမှာ ဒွါဒသမတန်းအထိ စွမ်းရည်(၄)မျိုးကို အခြေခံသော သင်ရိုးညွှန်းတမ်းအသစ်များကို သင်ကြားသင်ယူမှု နည်းစနစ်အသစ်များဖြင့် သင်ကြားသွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို သင်ကြားပေးသွားခြင်းကြောင့် အထက်တန်းအဆင့် ပြီးဆုံးသွားတဲ့အခါမှာတော့ အင်္ဂလိပ်စာဘာသာရပ်ကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ 4 Skills နဲ့အညီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အကဲဖြတ်စစ်ဆေးခြင်းနဲ့ စာမေးပွဲစနစ်တွေကိုလည်း အလွတ်ကျက် မှတ်တဲ့စနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အားပေးတဲ့စနစ် ပြောင်းလဲသွားရမယ်ဆိုတာလည်း အမှန် ဖြစ်ပါတယ်။ ဆရာ၊ ဆရာမများကို စစ်ဆေးခြင်းနဲ့ စာမေးပွဲ အမှတ်ပေးစည်းမျဉ်းတွေအတွက်လည်း သင်တန်းများများပေးပြီးတော့မှ ကျွန်တော်တို့ ဒါ အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါ တယ်။ နောက်ထပ် အင်္ဂလိပ်စာ စွမ်းရည်မြင့်မားရေးအတွက်လည်း ပြိုင်ပွဲများ ကျင်းပခြင်းကိုလည်းပဲ

တင်ပြထားတဲ့အတိုင်း မူလတန်းနဲ့ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ အင်္ဂလိပ်စာ အရေး၊ အပြောစွမ်းရည်တိုးတက်စေရန် English Language Skills Competition များကို ၂၀၀၇ ခုနှစ်မှစတင်ပြီး ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ နှစ်စဉ် ကျင်းပလျက်ရှိတဲ့အခါမှာ ဗဟိုအဆင့်မှာ တစ်နှစ်ကို (၈၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီးတော့မှ စုစုပေါင်း (၉၃၅)ဦး ရှိပြီဖြစ်ပါတယ်။ နှစ်စဉ် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများရဲ့ အင်္ဂလိပ်စာ အရေးနှင့် အပြောစွမ်းရည်များ ပိုမိုတိုးတက်ကောင်းမွန်လာတာကိုလည်း တွေ့ရှိရပါတယ်။ နောက်ထပ် အရေးကြီးတာကတော့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ သင်ယူတတ်မြောက်မှု အရည်အသွေးပြည့်ဝဖို့ ဖြစ်ပါတယ်။ သင်ယူတတ်မြောက်မှု အရည်အသွေး ပြည့်ဝဖို့လို့အတွက် အရေးအကြီးဆုံး အတန်း(၃) တန်းဟာ Grade-1, Grade-2, Grade-3 ကျောင်းသား၊ ကျောင်းသူအားလုံးသည် စာဖတ်နိုင်ဖို့၊ စာရေးနိုင်ဖို့ အခြေခံသင်္ချာ အတွက်အချက် ကောင်းဖို့လို့အတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဘာဖြစ်လို့ Grade-1, Grade-2, Grade-3 (၃)တန်းသည် အရေးကြီး သလဲဆိုရင် (၆)နှစ်အရွယ် ကလေးသည် Grade-1 တက်ပါတယ်။ (၇)နှစ်သည် Grade-2 တက်ပါတယ်။ (၈)နှစ်အရွယ် ကလေးသည် Grade-3 တက်တဲ့အတွက် (၈)နှစ်အရွယ် ကလေးရဲ့ ကာယ၊ ဉာဏ ဖွံ့ဖြိုးမှုသည် တစ်သက်တာလုံးအတွက် ဖွံ့ဖြိုးမှုဖြစ်ပါတယ်။ အဲဒီအသက်အရွယ်မှာ ဖတ်နိုင်တယ်။ ရေးနိုင်တယ်။ တွက်နိုင်တယ်။ ဖတ်နိုင်တယ် ဆိုတာသည် စာတစ်ပိုဒ်ကို ဖတ်ပြီးတဲ့ အခါမှာ ဘာကိုဆိုလိုတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း သူဟာနားလည်ပြီးတော့ ပြန်လည်ရှင်းပြနိုင်တဲ့ စဉ်းစားတွေးခေါ်နိုင်တဲ့ စာဖတ်စွမ်းရည်ကို သင်ပြခြင်းဖြစ်ပါတယ်။

အဲဒီလို စာဖတ်နိုင်တယ်၊ ရေးနိုင်တယ်၊ တွက်နိုင်တယ် ဆိုလို့ရှိရင် သူသည် အဲဒီကလေးသည် တစ်သက်တာစလုံး ဖတ်နိုင်တယ်၊ ရေးနိုင်တယ်၊ တွက်နိုင်တယ်လို့ ကျွန်တော်တို့ သုတေသန စာတမ်း တွေမှာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသား၊ ကျောင်းသူတွေ Grade-1, Grade-2, Grade-3 ပြီးတဲ့အခါမှာ စာဖတ်နိုင်ဖို့၊ စာရေးနိုင်ဖို့၊ အခြေခံသင်္ချာ တွက်နိုင်ဖို့လို့အတွက် ပညာရေး ဝန်ကြီးဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျောင်းသား၊ ကျောင်းသူများ အသက်မှန်၊ အတန်းမှန်နဲ့ သင်ယူ တတ်မြောက်မှုအရည်အသွေး ကောင်းမွန်ပြီး အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ယူပြီးမြောက်ရေးအတွက်ကိုလည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ပြီးရင် နောက်တစ်ချက်ကတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ် ပညာရေးမှာ များများ ရင်းနှီးမြှုပ်နှံနေသော်လည်းပဲ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့လို့အတွက် အများကြီးရှိနေပါသေးတယ်။ ကျောင်းသား၊ ဆရာ အချိုးမျှတရေး၊ စာသင်ဆောင်၊ Blackboard, White Board စာသင်ခုံ ပရိဘောဂဖြည့်ဆည်းရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် Toilet များ ဖြည့်ဆည်းရေး၊ သင်ထောက်ကူ ပစ္စည်းများ ဖြည့်ဆည်းရေး၊ စာကြည့်တိုက် စာအုပ်စာတမ်းများ ဖြည့်ဆည်းရေး၊ သိပ္ပံလက်တွေ့ပစ္စည်း များ ဖြည့်ဆည်းရေး၊ ICT, Multi Media နှင့် ဆက်စပ်ပစ္စည်းများ ဖြည့်ဆည်းရေး၊ အားကစား၊ အနုပညာ ပန်းချီ၊ ဂီတနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းရေး၊ ဆရာနှင့် ဝန်ထမ်း အိမ်ရာများ ဖြည့်ဆည်းရေး၊ သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးရေး၊ မှန်ကန်ပြည့်စုံတဲ့ အချက်အလက်

စာရင်းအင်းများ ပြုစုရန်နှင့် သုတေသန လေ့လာဆန်းစစ် တွေ့ရှိချက်များအရ စီမံကိန်းလုပ်ငန်းများကို ရေတို၊ ရေရှည် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ Grade-2 အင်္ဂလိပ်စာ ဖတ်စာအုပ်အသစ်ကို ကျွန်တော်တို့ ဒါ ပြုစုပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ အရ ရေတို၊ ရေရှည် စီမံကိန်းလုပ်ငန်းများဖြင့် အင်္ဂလိပ်စာစွမ်းရည် ၄ မျိုးအပေါ် အခြေခံ၍ ပြင်ဆင်ရေး ဆွဲသွားမည့် သင်ရိုးညွှန်းတမ်းအသစ်များ၊ ဆရာ၊ ဆရာမများ ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးပြီး တော့မှ သင်ကြား၊ သင်ယူ နည်းစနစ်အသစ်များဖြင့် စနစ်တကျလေ့ကျင့် မွေးထုတ်သွားမည်ဖြစ်သဖြင့် ထိုသို့ မွေးထုတ်ပေးလိုက်သော ဆရာ၊ ဆရာမများက အင်္ဂလိပ်စာဘာသာရပ်တစ်ခုအား သင်ကြား၊ သင်ယူ နိုင်မည်ဖြစ်သည့်အတွက် အထက်တန်းအဆင့် ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူ များသည် အင်္ဂလိပ်စာဘာသာရပ်ကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုလာနိုင် စေရန် ဦးတည်အထောက်အကူပြုမည့် ကျောင်းသုံးဖတ်စာအုပ်များ ပြုစုအသုံးပြုနိုင်ရန် စီစဥ်ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးကတော့ အဆိုရှင် ရဲ့ အဆိုဖြစ်တဲ့ စွမ်းရည် ၄ မျိုး တိုးတက် အောင် လက်ရှိ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် မှတ်တမ်းအဖြစ် ထားရှိပေးဖို့ ဆွေးနွေးသွားပါတယ်။ ဒါကြောင့် အဆိုရှင်ရဲ့ သဘောထားကို ပြောပြပါ။

**အချိန်၊ ၁၁း၂၆။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဝန်ကြီးဌာနရဲ့ ရှင်းလင်းချက်အပေါ် အချက်(၃)ချက်နဲ့ ပြန်လည်ဆွေးနွေးပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်အနေနဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ အင်္ဂလိပ်စာစွမ်းရည် ၄ ရပ်ကို တတ်နိုင် သမျှ ဆောလျင်စွာ အငယ်တန်းကစပြီး တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးတာကို ပိုမိုလိုလားပါတယ်။ ဒါပေမဲ့ အဋ္ဌမတန်းကစပြီး ပြောင်းလဲသင်ကြားဖို့ တိုက်တွန်းရတာကတော့ နိုင်ငံရဲ့လိုအပ်ချက် အခြေအနေကြောင့် အဓိကဖြစ်သလို ကိုယ်စားလှယ်တော်ကြီးများ အကြံပေး ဆွေးနွေးကြသလိုပါပဲ။ ဆရာ၊ ဆရာမများရဲ့ သင်ကြားပေးနိုင်မှု အခြေအနေနဲ့ အချိန်အခါ အခက်အခဲ အခြားသော အကန့် အသတ်များ၊ စိန်ခေါ်ခြင်းများ ရှိနေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အဆိုနဲ့ ပတ်သက်ပြီး ထောက်ခံ အကြံပြု ဆွေးနွေးကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို အထူးကျေးဇူးတင် ကြောင်း အလေးအနက် ပြောဆိုလိုပါတယ်။

နံပါတ်(၁) အနေနဲ့ လက်ရှိ အခြေခံပညာကျောင်းတွေကို သင်ရိုးညွှန်းတမ်းသစ်တွေနဲ့ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်ကစပြီး တစ်နှစ် တစ်တန်းနှုန်းနဲ့ ပြောင်းလဲသင်ကြားနေတာကို ဝန်ကြီးဌာနက

တင်ပြသွားပါတယ်။ ဒီအတိုင်းနှုန်းသာ သွားမယ်ဆိုလို့ရှိရင်လည်း ၂၀၁၇-၂၀၁၈ ပထမတန်းမှာ 4 skill ကို စမယ်လို့ ဝန်ကြီးက ပြောပါတယ်။ ဒုတိယတန်း စတင်တက်ရောက်ခဲ့တဲ့ ကျောင်းသူ ကျောင်းသားများက စပြီးတော့ ၂၀၁၈-၂၀၁၉ မှာ ဒသမတန်း ရောက်ကြမယ့် ကျောင်းသားတွေအထိ ကျောင်းသူ ကျောင်းသား အားလုံးဟာ ဒီစနစ်နဲ့ လုံးဝ ကင်းလွတ်သွားမှာ ဖြစ်ပါတယ်။

နံပါတ်(၂) အနေနဲ့ အတန်းစုံအတွက် အင်္ဂလိပ်စာ သင်ရိုးနဲ့ သင်ကြားနည်းစနစ်ကို တစ်ပြိုင်နက်တည်း ပြောင်းလဲဖို့ မလွယ်မှန်း အဆိုရှင်အနေနဲ့ နားလည်သဘောပေါက်ပါတယ်။ ဒါပေမဲ့ အဋ္ဌမတန်းက စတင်ပြီး ဒသမတန်းအထိ ကျောင်းသားများ အဆင့်မြင့်ပညာရေး ဆက်လက်သင်ယူဖို့၊ အသက်မွေးဝမ်းကျောင်းပညာသင်ဖို့၊ လုပ်ငန်းခွင်ဝင်ဖို့ အနီးစပ်ဆုံး အရွယ်တန်းများဖြစ်တဲ့အတွက် ကြောင့် သူတို့ကို အတတ်နိုင်ဆုံး ပြောင်းလဲသင်ကြားပေးဖို့ ကြိုးပမ်းဖို့ လိုပါတယ်။ ဒါဆိုလို့ရှိရင်တော့ အသီးအပွင့်ကို ဆောလျင်စွာ အထိုက်အလျောက် ရရှိခံစားရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် သင်ရိုးသစ် စနစ်ကနေ ပွတ်ကာသီကာ လွတ်သွားမယ့် ကျောင်းသားများအတွက်လည်း အတတ်နိုင်ဆုံး ကြိုးစားဖို့ အတွက် ဒီအချိန်မှာ ကျွန်မအနေနဲ့ အဋ္ဌမတန်းကစပြီး သင်ကြားသင့်တဲ့အကြောင်း ဒီအဆိုကို တင်ခဲ့တာ ဖြစ်ပါ တယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်စာရင်းအရ အခြေခံပညာအထက်တန်း ကျောင်းသူ ကျောင်းသား အရေအတွက်ဟာ (၈၇၀၀၀၀)ကျော်ရှိပြီးတော့ အလယ်တန်း ကျောင်းသူ ကျောင်းသားဟာ (၂၇၉၀၀၀၀)ကျော် ရှိပါတယ်။ ကျွန်မအဆိုကို လက်တွေ့မှာ အကောင်အထည် ဖော်မယ်ဆိုလို့ရှိရင် ဒီမျှနှုန်းရှိတဲ့ ကျောင်းသားလူငယ်များ အကျိုးထူးခံစားရမှာ ဖြစ်ပါတယ်။

နောက် နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ လူငယ်များအား မြန်မာစာကို ကောင်းမွန်စွာ သင်ကြား တတ်မြောက်သူများအဖြစ် ကျွန်မတို့ရဲ့ ပညာရေးစနစ်မှ သူတို့ရဲ့ ပထမမျက်လုံးကို ဖွင့်ပေးနေသည်လို့ ဆိုနိုင်ပါတယ်။ ထို့အတူပဲ နိုင်ငံတကာသုံး ဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်စာ 4 skill အား သင်ကြား ပေးရန် တိုက်တွန်းခြင်းအားဖြင့် မြန်မာလူငယ်များရဲ့ ဒုတိယမျက်လုံးအား ဖွင့်ပေးသည်ဟု အဆိုရှင် အနေနဲ့ ယုံကြည်ပါတယ်။ ဆိုလိုတာက ပထမမျက်လုံးသည် မိခင်ဘာသာစကားဖြစ်ပြီး ဒုတိယမျက်လုံး ကတော့ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတကာသုံး အင်္ဂလိပ်စာဖြစ်ကြောင်း ဆိုလိုချင်တာပါ။ ဒါကြောင့်မို့လို့ အဆိုနဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထူမေ တင်သွင်းထားတဲ့ မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်း သင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ ကျောင်းသား အများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြောဆိုဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုဆက်သွယ်နိုင်ရန်အတွက် (Grade - 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာ ဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ)ကို ခေတ်နှင့်

လျော်ညီစွာ စွမ်းရည် ၄ မျိုး (4 skills - Reading, writing, speaking, listening) ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၆)မဲ၊ ကန့်ကွက်မဲ (၁၀၂)မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဒေါ်ထုမေ ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]